မြဝတီ နေ့စဉ်
အချိန်မီမြန်ချိ သတင်းစုံသည် မြဝတီ

**မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား**

မချွတ်မယွင်းတရားနှင့်အညီ သူတစ်ပါးတို့ကို အနိုင်အရှုံး ဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌ တည်သော တရားသူကြီးဟု ဆိုအပ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ✮ ပြည်ထောင်စုမပြိုကွဲရေး။
- ✮ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ✮ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com
■ အတွဲ(၁၆)၊ အမှတ်(၁၅၁)
■ ၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်၊ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ✮**


## ဖလမ်းမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satellite Terminal တပ်ဆင်ထား



**ဖလမ်း စက်တင်ဘာ ၁၅**

ချင်းပြည်နယ် ဖလမ်းမြို့ရှိမြန်မာ့စီးပွားရေးဘဏ်၌ ကောင်းမွန်မြန်ဆန်သည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် မြန်မာ့ဆက်သွယ်ရေး B2B Satel-lite Terminal တပ်ဆင်ထားပြီးဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၇ ကော်လံ ၁ ➢**




၂၀၂၆ ခုနှစ်၊ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေဆုတ်ခွာသည့်ရက်ပြပုံ

## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

(မိုး/ဇလ)

## ငါးနှစ်ကျော် သက်တမ်းလွန်မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင်ပေးပြီး ယာဉ်မှတ်ပုံတင်ဆိုင်ရာ အထောက်အထားများအား ယာဉ်ပိုင်ရှင်များထံပေးအပ်

**လှိုင်ကော် စက်တင်ဘာ ၁၅**

ကယားပြည်နယ်အတွင်း ဖြစ်ပွားခဲ့သော နယ်မြေဒေသအခြေအနေများကြောင့် ငါးနှစ်အထက် သက်တမ်းကျော်လွန်ခဲ့ရသည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင်ပေးပြီး ယာဉ်မှတ်ပုံတင်ဆိုင်ရာအထောက်အထားများအား ယာဉ်ပိုင်ရှင်များထံ ပေးအပ်ခဲ့ကြောင်းသိရသည်။

အဆိုပါ ယာဉ်မှတ်ပုံတင်ဆိုင်ရာအထောက်အထားများအား ယာဉ်ပိုင်ရှင်များထံပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် **စာမျက်နှာ ၇ ကော်လံ ၄ ❐**

**ယနေ့ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ တွေ့ဆုံဆွေးနွေး**
စာ – ၅ သို့

**“ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့”**
Global Action for A Cooler Planet
ဆောင်းပါး၊ စာ – ၁၂ သို့

## အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၁၆ ရက်

# တရားမဝင်လှုပ်ရှားဆောင်ရွက်မှုများနှင့် ပတ်သက်၍

နိုင်ငံသားတိုင်းသည် နိုင်ငံတော်အပေါ်သစ္စာစောင့်သိကြရမည်ဖြစ်သည်။ အထူးသဖြင့် နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံ့ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများကိုတိကျစွာလိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀ တွင် **"ဝန်ထမ်းသည်နိုင်ငံတော်၏ကျေးဇူးသစ္စာကိုစောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို အလေးထား၍ဆောင်ရွက်ခြင်း၊ နိုင်ငံတော်ပိုင်ပစ္စည်း၊ နိုင်ငံတော်ဘဏ္ဍာများလေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့်အလွဲသုံးစားမှုမပြုရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအားပေးအပ်ထားသော တာဝန်နှင့်ဝတ္တရားများကိုကျေပွန်စွာထမ်းဆောင်ခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်း၊ အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြုခြင်းမှရှောင်ကြဉ်ခြင်း၊..."** စသည်ဖြင့် ပြဋ္ဌာန်းထားသည်။

၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် နိုင်ငံ့ဝန်ထမ်းအချို့သည် နိုင်ငံတော်အပေါ် သစ္စာဖောက်ဖျက်ခဲ့ကြသည်။ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ပေးထားသူ ကျော်မိုးထွန်းသည် နိုင်ငံတော်မှပေးအပ်သောအမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်းမရှိဘဲ သံတမန်ကျင့်ဝတ်ပျက်ယွင်းစွာ နိုင်ငံတော်အပေါ်သစ္စာဖောက်ဖျက်ခြင်း၊ တရားမဝင်အဖွဲ့အစည်းများအား သစ္စာခံကိုယ်စားပြုလှုပ်ရှားခြင်းတို့ကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်(Dismissal)ခဲ့ပြီးဖြစ်သည်။

ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခံရပြီးဖြစ်သော်လည်း ကျော်မိုးထွန်းသည် နယူးယောက်မြို့ နိုင်ငံတော်ပိုင်အဖွဲ့ရုံးရှိ ရုံးခန်းနေရာ၊ ရုံးအကြီးအကဲနေအိမ်နှင့် နိုင်ငံတော်ပိုင်မော်တော်ယာဉ်စသည့် နိုင်ငံတော်ပိုင်ပစ္စည်းများကို ဆက်လက်အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။ ထို့ပြင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ နယူးယောက်မြို့၊ Bank of America ရှိ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ ဘဏ်ငွေစာရင်းတွင် နိုင်ငံပိုင်ဘဏ္ဍာငွေမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၆ သန်းနှင့်ယူရို ၃၈၂၃၃ ဒသမ ၆၂ ကျန်ရှိသည်။ အဆိုပါလက်ကျန်ဘဏ္ဍာငွေများကို နိုင်ငံတော်၏ခွင့်ပြုချက်မရရှိဘဲ ထုတ်ယူသုံးစွဲခြင်း၊ ၎င်း၏ကိုယ်ကျိုးစီးပွားအတွက်အလွဲသုံးစားပြုလုပ်ခြင်းများပြုလုပ်ခဲ့သည်။ ထို့ပြင် ကျော်မိုးထွန်းသည် မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော NUG နှင့် CRPH အဖွဲ့တို့နှင့်တိုက်ရိုက်ဆက်သွယ်ကာ ၎င်းတို့၏သစ္စာခံကိုယ်စားလှယ်အဖြစ်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။

အထက်ဖော်ပြပါလုပ်ရပ်များနှင့်ပတ်သက်၍ ကျော်မိုးထွန်းအား နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုအတွက် ရာဇသတ်ကြီးပုဒ်မ ၁၂၂(၂)ဖြင့် ဒက္ခိဏခရိုင်တရားရုံးတွင် ရာဇဝတ်မှုအမှတ် (၃၂/၂၀၂၁)ဖြင့် အမှုဖွင့်လှစ်၍ဖမ်းဝရမ်းထုတ်ဆင့်ထားရှိပြီးဖြစ်သည်။ ထို့ပြင် မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)နှင့် ရာဇသတ်ကြီးပုဒ်မ ၁၂၄-က တို့အရ အရေးယူဆောင်ရွက်ထားရှိပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ)တို့အရ ထပ်မံတရားစွဲဆိုပြီးဖြစ်သည်။ လက်ရှိတွင် ကျော်မိုးထွန်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ တို့အရ တရားခံပြေးအဖြစ်ကြေညာ၍ တရားရုံးအမိန့်များထုတ်ဆင့်ထားရှိပြီး INTERPOL နှင့် United States National Central Bureau (USNCB)တို့မှတစ်ဆင့် အမေရိကန်ပြည်ထောင်စု၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးနှင့်ပူးပေါင်းကာ အမေရိကန်ရဲတပ်ဖွဲ့နှင့် ချိတ်ဆက်အရေးယူနိုင်ရေး သံတမန်လမ်းကြောင်းမှ ဆက်လက်ဆောင်ရွက်ရန်ရှိသည်။ ကျော်မိုးထွန်းအား မြန်မာနိုင်ငံ၏ကိုယ်စားပြုမှု/တရားဝင်ကိုယ်စားလှယ်အဖြစ် ပယ်ဖျက်ရုတ်သိမ်းထားပြီးဖြစ်ပါကြောင်းနှင့် ၎င်း၏တရားမဝင်ထုတ်ပြန်ချက်များ၊ လှုံ့ဆော်မှုများသည် မြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူတစ်ရပ်လုံး၏ သဘောထားမဟုတ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

( က ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

( ဃ ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

**သဇင် (FM) အသံလွှင့်အစီအစဉ်**
၁၆-၉ -၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၉:၀၀ | Market News | |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင်ဆေးဖက်ဝင် | |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား | |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ | |
| ၅။ | ၁၅:၃၅ | Happy Zone | |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချားဖြစ်ရပ်များ | |


မြဝတီ နေ့စဉ်

**စာတည်းမှူးချုပ်** – ဦးမျိုးဝင်းရှိန်
**စာတည်းမှူး (မြန်မာ)** – ဦးရာဇာအောင်
**စာတည်းမှူး (အင်္ဂလိပ်)** – ဦးရဲမင်းတင်
**စာတည်း (ကျွမ်းကျင်) အင်္ဂလိပ်** – ဦးတင်မောင်သန်း
**စာတည်းအဖွဲ့ (မြန်မာ)** – ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
**စာတည်းအဖွဲ့ (အင်္ဂလိပ်)** – ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့ (နေပြည်တော်)** – ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့ (ရန်ကုန်)** – ဦးရဲစိုးအောင်

Online Newspaper

**နေပြည်တော်**
**စာတည်းအဖွဲ့** ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
**ဖြန့်ချိရေး/ကြော်ငြာ** ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
**စာတည်းအဖွဲ့** ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
**ကြော်ငြာ** ၀၃၁-၇၄၀၂၂၊
အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ (ရုံးခွဲ)**
**တာဝန်ခံ** ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website – www.myawady.net.mm

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

**ဒေးဒရဲ စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်များ အသိပညာတိုးပွားစေရေးနှင့် စာအုပ်စာပေလေ့လာဖတ်ရှုမှု တိုးပွားစေရေးရည်ရွယ်၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် အခြေခံပညာမူလတန်းအဆင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို စက်တင်ဘာလ ၁၅ ရက်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရေးအတွက် အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မိုးသီတာအောင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ ကလေးအလုပ်သမား ဖြစ်ရခြင်းအကြောင်းရင်းများ၊ မြို့နယ်အတွင်း ကလေးအလုပ်သမားပပျောက်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဟောပြောဆွေးနွေးသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများ ပြင်ပဗဟုသုတ တိုးပွားစေရေးအတွက် အခြေခံပညာ မူလတန်းအဆင့် ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကိုကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက တက်ကြွစွာယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ဖတ်ရှုလေ့လာကြကြောင်း သိရသည်။

**အေဇာလင်း**

# ခရီးသွားလုပ်ငန်းများအောင်မြင်စေရေး သင်တန်းသား သင်တန်းသူများ မွေးထုတ်ပေးနိုင်



**ကော့သောင်း စက်တင်ဘာ ၁၅**

ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်ရုံးမှ ကြီးမှူးဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (အခြေခံ) သင်တန်းဆင်းပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်က ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကော့သောင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က ကော့သောင်းမြို့သည် အဏ္ဏဝါခရီးသွားလုပ်ငန်းကို အဓိကလုပ်ဆောင်သော ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကြောင်း၊ ထို့ကြောင့် အနာဂတ်တွင် မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများ၌ ပါဝင်လာနိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကော့သောင်းခရိုင်၏ ခရီးစဉ်ဒေသများ အောင်မြင်လာစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းများ အောင်မြင်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့သာမက တခြားဆက်စပ်ဌာနများ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအသောက်နှင့် အဖျော်ယမကာ သင်တန်းတို့တွင် တက်ရောက် သင်ယူခဲ့ကြသည့် သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် မိမိတို့၏ကျွမ်းကျင်မှုများကို လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချကာ ရင်းနှီးပျူငှာ တာဝန်ယူမှုရှိစွာ ဝန်ဆောင်မှုပေးကြစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်ကော်မတီဝင်များက ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ အခြေခံသင်တန်းများဖြစ်သည့် (ဧည့်ကြို) Front Office သင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ အစားအသောက်နှင့် အဖျော်ယမကာ သင်တန်းတို့တွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်၍ သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

ထို့နောက် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက သင်တန်းသားများအား သင်တန်းဆင်းအသိအမှတ်ပြုလက်မှတ်များ ပေးအပ်သည်။

အဆိုပါ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ (အခြေခံ) သင်တန်းကို ကော့သောင်းမြို့ ဗြဟ္မဝိဟာရကျောင်း သင်တန်းဆောင်၌ ဩဂုတ်လ ၁၇ ရက်မှ စက်တင်ဘာလ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၈၈ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (၄၁၂)

# ပူတာအိုမြို့နယ် မူလာဒီကျေးရွာ၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်



**ပူတာအို စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှကြီးမှူး၍ ဒေသထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရုသီး၊ ကျောက်ဖရုံသီး၊ သဘော်သီး၊ ဘုရင်သီး၊ နာနတ်သီး စသည်တို့ကို ကျန်းမာရေးနှင့်ညီညွတ်သော တန်ဖိုးမြှင့်စားသောက်ကုန်များ အဖြစ်ထွက်ပေါ်လာစေရန်၊ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်သည့်နည်းပညာများ ပြန့်ပွားခြင်းဖြင့် စိုက်ပျိုးတောင်သူနှင့် စားသောက်ကုန်လုပ်ငန်းရှင်များ ဝင်ငွေတိုးပွား၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို စက်တင်ဘာလ ၁၄ ရက်က ပူတာအိုမြို့နယ် မူလာဒီကျေးရွာ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးငွါးဒီးယော်က သင်တန်းသူများကို အားပေးစကားပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မေညွန့်က သင်တန်းသူများထံ သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် မူလာဒီကျေးရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး ဒေသထွက်သီးနှံများဖြစ်သည့် ဂရိတ်ဖရုသီး (ယို/ ဖျော်ရည်/ဝိုင်)၊ ခရမ်းချဉ်သီးယို၊ နာနတ်သီးဖျော်ရည်၊ ကျောက်ဖရုံယို၊ အမေရိကန်သံပရာယို၊ သဘော်သီးယို (အချို/အစပ်)၊ ဘုရင်သီးဖျော်ရည်၊ အာလူးကြော်ပြုလုပ်နည်းများကို ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ သင်တန်းနည်းပြများက စက်တင်ဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ သင်တန်းကာလငါးရက်ကြာ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရန်ကင်း**

# ကျေးရွာတွင်းကုန်ထုတ်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၁၅**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကော့ခပိုကျေးရွာ၌ ကျေးရွာတွင်းကုန်ထုတ်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာလ ၁၅ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မွန်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်း၊ မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့်ဝန်ထမ်းများက ကော့ခပိုကျေးရွာ၌ ကျေးရွာတွင်းကုန်ထုတ်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားသည်။

အဆိုပါကျေးရွာတွင်းကုန်ထုတ်လမ်း အရှည်ပေ ၁၃၂၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ခြင်းကို ပြည်နယ်အစိုးရရန်ပုံငွေ ငွေကျပ် ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ခြူးကမ္ဘာမာန်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ကော့ခပိုကျေးရွာ၌ ကုန်ထုတ်လမ်းအား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ သွားလာရေးပိုမိုအဆင်ပြေ၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည့်အပြင် ကျေးရွာမှထွက်ရှိသော ထုတ်ကုန်များကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

**သုတ**



# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

"ဟော့... မကြီး မင်းဟိုအနား ခဏသွားလိုက်စမ်းပါ၊ ငါ ဆရာမကို မေးစရာရှိလို့" ဟုပြော၍ မကြီးလည်း ထွက်သွားလေလျှင် "ဘယ့်နယ် ဟိုလူက ဒီမြို့လာပြီး ကိုကိုနဲ့လာပြိုင်လို့ဆို၊ ဒီလူ တွေ့စမ်းချင်တယ် ခင်ဗျာ၊ ဖေဖေကလေ ကြားကြားချင်း စိတ်ဆိုးလွန်းလို့ ချက်ချင်း မီတဲ့ရထားနဲ့လိုက်လာတာပဲ၊ ဟိုတုန်းကများလေ ကျွန်တော်က ငယ်နေ သေးလို့၊ နည်းနည်းများကြီးရင်လား ဒီလူသေပြီးသား၊ ဒါနဲ့ ဆရာမ ခင်စိန်ကြည်ကိုသိသလား"

"သိတယ်"

"မကြီးတို့မေမေလေ ချစ်တယ်ဗျာ၊ ကျွန်တော် ဒီမိန်းမတစ်ယောက် သူ့ချစ်လို့ ကျွန်တော် သူ့သမီးချစ်တာ၊ သူ့အမေနဲ့တစ်ရုပ်တည်းပဲနော်၊ ဆရာမခင်စိန်ကြည်ကို ဘယ်တုံးကသိသလဲ၊ ဒီမှာလား"

"မမြင်ဖူးပါဘူး လူကလေးရယ်၊ ပြောသံကြားဖူးတာပါ"

"လူမမြင်ဖူးဘူးလား၊ အင်မတန်ချစ်စရာကောင်းတယ်ခင်ဗျာ၊ ကျွန်တော်ဖြင့် ဒီမိန်းမကြီးလိုမျိုး တွေ့တောင်မတွေ့ဖူးဘူး၊ ဆရာမလည်း မြင်ရရင်ချစ်မှာပဲ၊ ဒါနဲ့ ဟိုတစ်ယောက်ကော ဆရာမမြင်ဖူးသလား"ဟု ပြောလျှင် ခင်စိန်ကြည်လည်း မောင်သက်ညွန့်အကြောင်းကိုမကြား ချင်သဖြင့် မကြီး၏လက်ကိုဆွဲ၍ ထွက်သွားကြလျှင် မောင်သက်တင် ကလေးလည်း အိမ်တွင်းသို့ဝင်ပြေးလေ၏။

တစ်နေ့သ၌ မိမိရီသည် မကြီးနှင့်ခင်စိန်ကြည်ကိုခေါ်၍ မင်္ဂလာ ဈေးသို့သွားကြရာ ခင်စိန်ကြည်မှာ မောင်သက်ညွန့်နှင့်တွေ့မည်စိုးသဖြင့် မလိုက်လိုသော်လည်း သူ၏လစားဖြစ်သည့်အတွက် မလိုက်လိုဟု မပြောဝံ့သောကြောင့် လိုက်သွားရလေလျှင် ဝန်ထောက်မင်းအိမ်ရှေ့တွင် အစ်မကြီးနှင့်တွေ့၍ -

"ညည်းအမေ နေမကောင်းဘူးတဲ့အေ"

"အလို. . .ဟုတ်လား၊ ဒါဖြင့် ကျွန်မဝင်ကြည့်လိုက်ဦးမယ်"

"ကြည့်လိုက်ပါဦးအေ၊ ငါတော့ တော်တော်ကြာခဲ့ပြီ၊ ဘာဖြစ်လို့ နေမကောင်းသလဲသိလား၊ အိပ်မက်မက်ပြန်လို့တဲ့"

"သြော်. . .လာပြန်ပြီကိုး ဒီအိပ်မက်က၊ ဒါဖြင့် အစ်မကြီးက ဆရာမ တစ်ဆိတ်ခေါ်သွားလိုက်ပါရင်၊ ကျွန်မပြီးတော့ အဲဒီလာခဲ့မယ်"

"ကျွန်မလည်း ဘွားဘွားကြည့်ရအောင် လိုက်ခဲ့ဦးမယ်" ဟု မကြီး ကပြောသဖြင့် မိမိရီလည်း ကလေးကိုလက်ဆွဲလျက်ဝင်သွားကြ လေ၏။

ခင်စိန်ကြည်သည် မဂျမ်းပုံနှင့်လမ်းလျှောက်သွားရာ ခင်စိန်ကြည် ခြုံလျက်ထားသောပဝါသည် ရတ်တရက်လေသုတ်သဖြင့် လွင့်ပါမည် အပြုတွင် ခင်စိန်ကြည်သည် ပဝါကို ငုံ့၍ဖမ်းလိုက်ရာ မိမိ၏ဦးခေါင်းသည် မဂျမ်းပုံ၏ပခုံးနှင့်တိုက်မိလေရကား မျက်မှန်သည် ကျွတ်ပြီး မြေပေါ် သို့ကျကွဲလေ၏။ ထိုအခါ မဂျမ်းပုံက "ဟော ပြီးရော၊ ကဲ. . .သွားပြီ"ဟု ပြောပြီး ခင်စိန်ကြည်ကိုကြည့်လိုက်ရာ မျက်မှန်တပ်လျက်မရှိသော ခင်စိန်ကြည်၏မျက်နှာကိုမြင်လျှင် လွန်စွာအံ့သြ၍ ကြက်သေသေလျက် "အလို....ဘုရား၊ ဘုရား တူလှချေကလား"ဟု ပြောမိလေ၏။

ခင်စိန်ကြည်မှာ "အစ်မကြီးသိသွားလေပြီလော" ဟု မျက်နှာ ပျက်ပျက်နှင့်ရှိနေသည့်အတွင်း အခွန်ဝန်မင်းနှင့်မောင်သက်ညွန့်တို့ လမ်းလျှောက်လာကြသည်ကိုမြင်ပြန်လျှင် မောင်သက်ညွန့်သည် မိမိ အား မှတ်မိလေတော့မည်လောဟု အလွန်တရာစိတ်ပူလျက် မဂျမ်းပုံ အနီးသို့ကပ်၍ ပုန်းကွယ်လျက်နေလေ၏။ မဂျမ်းပုံကမူ မောင်သက် ညွန့်ကို မျက်ကြောတင်း၍ကြည့်လေလျှင် မောင်သက်ညွန့်က အသိ ဟောင်းကို တွေ့ရသည့်ဟန်နှင့်ပြုံးရာ -

"မင်းက ငါ့ပြောင်တာလား ဟေ့ သက်ညွန့်ဟေ. . ."

"ဒါတော့ အစ်မကြီးထင်တဲ့အတိုင်းပေါ့"

"ဘယ်ကအစ်မကြီးလဲဟေ့၊ နင်တယ်စော်ကားပါကလား၊ ငါ ထွန်းမြတ်အစ်မကြီးမှန်း နင်မသိဘူးလားဟဲ့. . .ဟေ. . ."

"သိပါတယ်ဗျာ၊ မမေ့နိုင်ပါဘူး၊ ခင်ဗျားရုပ်က တစ်ခါမြင်ပြီး မမေ့နိုင် တဲ့ရုပ်ကြီးမဟုတ်ပါဘူး"ဟု ပြောင်လှောင်၍ ပြောလိုက်လျှင် မဂျမ်းပုံသည် နှုတ်ခမ်းများပြ၍ အသားဆတ်ဆတ်တုန်အောင် အမျက်ထွက်လှသဖြင့် "စော်ကားလှချေကလားဟဲ့ သောက်. . ." မဂျမ်းပုံသည် စကားဆုံးအောင် မပြောရသေးမီ သူငယ်တစ်ယောက်သည် ပြေးလာပြီး မောင်သက်ညွန့်၏ ခါးနောက်ကို ဘွတ်ဖိနပ်ဖြင့် ပြင်းစွာကန်လိုက်ရာ မောင်သက်ညွန့်သည် ခွေ၍လဲသွားလေ၏။ မောင်သက်ညွန့်နှင့်အတူလာသူ အခွန်ဝန်မင်း လည်း အံ့အားသင့်လျက်နေရာ ထိုသူငယ်သည် မောင်သက်ညွန့်၏ ခြေနှစ်ချောင်းကိုဆွဲပြီးလျှင် အနီးရှိရေမြောင်းထဲကို လိမ့်ချလိုက်လေ၏။

ထို့နောက် ထိုသူငယ်သည် အစ်မကြီးတို့ထံလာပြီးလျှင် "ဒီလိုလုပ်မှ ဒီလူတော့ နည်းတောင်နည်းသေးတယ်၊ မိန်းမတွေချည်းမှတ်လို့ သင်းကစော်ကားတာ၊ လုပ်ရတာအားမရသေးပါဘူးခင်ဗျာ" ဟုပြော၍ သွားဦးမည်ပြုရာ မဂျမ်းပုံက"ဟဲ့. . .တော်တော့ မောင်သက်တင်"ဟု ပြောပြီး လက်ကိုဆွဲထားလေ၏။

အခွန်ဝန်မင်းက "ဟေ့. . .သူငယ်၊ မင်းတယ်လွန်ပါကလား"

"ကျွန်တော်လား လွန်တာ၊ ဘာလွန်သလဲခင်ဗျာ၊ ခင်ဗျားလူက လွန်တော့ ဘာဖြစ်လို့ ခင်ဗျားကမပြောသလဲ"

"မင်းဘယ်သူ့သားလဲ"

"ကျွန်တော် ရွှေဘိုက ဝတ်လုံတော်ရမင်း ဦးသာဒင်သား"

"အေး . . . မင့်အဖေ ငါပြောမယ်၊ မင်းတော့ ကောင်းကောင်းအရိုက် ခံရပြီမှတ်တော့"

"၁၀ ခါခံရပါစေ၊ ကိစ္စမရှိဘူး၊ ဒီလူကိုလုပ်ရရင်ပြီးရော" ဟု မောင်သက်တင်က ပြန်ပြောလေ၏။

မဂျမ်းပုံလည်း မောင်သက်တင်ကို မိမိအိမ်အတွင်းသို့ ဆွဲခေါ်သွား လေလျှင် ခင်စိန်ကြည်လည်း နောက်မှလိုက်သွားလေ၏။ မောင် သက်ညွန့်မှာ တစ်ကိုယ်လုံး ရွှံ့ညွန်စွန်းပေလျက် ရေမြောင်းမှခြေထော့ ကျိုးနှင့်တက်လာသည်ကိုမြင်ရသည်မှာ မျက်နှာချေလိမ်းကျံလျက်ထား သောမျက်နှာသည် ဖြူနုလျက်မရှိဘဲ ညွန်အတိပြီးနေလေ၏။ အလွန် ထောင်လျက်ရှိသော ခေါင်းပေါင်းစသည်လည်း ရေဆွတ်၍ရွှံ့လူးသဖြင့် အောက်သို့ရှုန်၍ကျနေသည့်အပြင် ခါးခေါက်ကြောသည်လည်း နာကျင်လှသည်ဖြစ်၍ ခြေဆွဲ့နေလေ၏။ ဒျှောင်ထုံးသည်လည်း ဖိုးရိုးဖားရားနှင့် ရွှံ့ညွန်ပေနေသည့်အပြင် မျက်နှာထားသည်လည်း နာကျင်လှသည်ဖြစ်၍ ရှုံ့လျက်ရှိရကား အလွန်ပင် ရယ်ဖွယ်ကောင်းပေ ၏တကားဟု ခင်စိန်ကြည်၏စိတ်တွင် မှတ်ထင်မိလေ၏။

မဂျမ်းပုံမှာလည်း မောင်သက်တင်၏အပြုအမူကို ဝမ်းတွင်း၌ လွန်စွာသဘောကျလျက်ရှိသော်လည်း သူငယ်မိုက်မည်စိုး၍ အနည်း ငယ်အပြစ်တင်စကားပြောလေလျှင် "မဟုတ်ဘူး အစ်မကြီးရဲ့၊ ဒီ လူကို ကျွန်တော်လုပ်ချင်နေတာကြာလှပြီ၊ အခုတော့ အခန့်သင့် လည်းတွေ့ပြန်၊ အစ်မကြီးတို့ကိုလည်း စော်စော်ကားကားပြောနေ ပြန်တော့ ဟန်ကျလိုက်တာခင်ဗျာ၊ ဖေဖေကလည်း ကျွန်တော့်ရိုက်မယ် မထင်ပါဘူး၊ ရိုက်ချင်လည်းရိုက်ပါစေလေ၊ သင်းကိုလုပ်ရပြီးရော" ခင်စိန်ကြည်လည်း အိမ်တွင်းသို့ရောက်လျှင် မဂျမ်းပုံအား ကိစ္စတစ်ခုရှိ၍ သွားရန်အကြောင်း၊ မိမိရီလာသောအခါ၌လည်း ဤကဲ့သို့ပြောရစ်ရန် အကြောင်းကို မှာထားပြီးလျှင် မျက်မှန်ဆိုင်တစ်ဆိုင်သို့သွား၍ မီးခိုး ရောင်မျက်မှန်တစ်ခုကို ဝယ်လေ၏။

**"ခင်စိန်ကြည်သည် မဂျမ်းပုံနှင့်လမ်းလျှောက်သွားရာ ခင်စိန်ကြည်ခြုံလျက်ထားသောပဝါသည် ရုတ်တရက်လေသုတ်သဖြင့် လွင့်ပါမည်အပြုတွင် ခင်စိန်ကြည်သည် ပဝါကို ငုံ့၍ဖမ်းလိုက်ရာ မိမိ၏ဦးခေါင်းသည် မဂျမ်းပုံ၏ပခုံးနှင့်တိုက်မိလေရကား မျက်မှန်သည် ကျွတ်ပြီး မြေပေါ်သို့ကျကွဲလေ၏။ ထိုအခါ မဂျမ်းပုံက "ဟော ပြီးရော၊ ကဲ...သွားပြီ"ဟုပြောပြီး ခင်စိန်ကြည်ကိုကြည့်လိုက်ရာ ..."**

**ဆက်လက်ဖော်ပြပါမည်။**

## တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစု ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်



**ကန်ကြီးထောင့် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ကျေးရွာ ၈၀ မှ တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစု ဓာတ်မြေသြဇာများ ဖြန့်ဖြူးပေးအပ်ခြင်းကို စက်တင်ဘာလ ၁၄ ရက်က ကွင်းယားအနောက်အုပ်စု ကွင်းယားအနောက်ကျေးရွာ၌ ဆောင်ရွက်သည်။

ရေးဦးစွာ ကန်ကြီးထောင့်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သဉ္ဇာညွန့်တို့က အဖွင့်အမှာစကားများပြောကြားကြသည်။

ယင်းနောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ကျေးရွာ ၈၀ မှ တောင်သူ ၁၆၆၇ ဦးထံ သွင်းအားစုများဖြစ်သည့် ယူရီးယားဓာတ်မြေသြဇာ အိတ် ၁၀၀၀၀ နှင့် ကွန်ပေါင်းဓာတ်မြေသြဇာအိတ် ၁၅၀၀၀ ကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးပေးခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းဆွေးနွေး

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို စက်တင်ဘာလ ၁၄ ရက်က သံရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သံရွာကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းက ဘက်စုံပညာရေးစနစ်ဖြစ်သည့်အတွက် ဘက်စုံတော်သောကျောင်းသား၊ ကျောင်းသူများဖြစ်စေရန် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုစတင်ရာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး သံရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့် အွန်လိုင်းစနစ်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြကာ စကားဝိုင်းသို့ တက်ရောက်လာကြသူများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားဆွေးနွေးပေးကြသည်။

ထို့နောက် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၁-၄-၂၀၂၆ရက်တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါသည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်အစည်းအဝေးခန်းမ၌ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် စဝ်အောင်တိန်းနှင့်စဝ်လံတိုင်း၊ ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသည့် စဝ်စိုင်းဟန်၊ စဝ်ယွက်ခမ်း၊ စဝ်စိုင်းလျဲန်း၊ နန်းမိုးမိုးစောနှင့် ဗဟိုကော်မတီဝင် နန်းဟန်လောဝ်တို့ပါဝင်သည့်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ပြောကြားရာတွင် မိမိတို့နိုင်ငံအနေဖြင့် အဓိကလိုအပ်ချက်မှာ စီးပွားရေးဖြစ်ကြောင်း၊ စီးပွားရေး ဖော်ဆောင်ရန်မှာလည်း ငြိမ်းချမ်းရေးသည် အဓိကဖြစ်ကြောင်း၊ ညှိနှိုင်းရေးကော်မတီအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အားလုံးကို ကြိုတင်ကန့်သတ်ချက်များမထားဘဲ တစ်ပြေးညီဖိတ်ခေါ်ခဲ့ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ဆွေးနွေးခဲ့ကြောင်း၊ ဆက်လက်ပြီးလည်း ဆွေးနွေးညှိနှိုင်းမှုများအား စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်သဘောတူညီခဲ့သည့်အပိုင်းများကို လိုက်နာဆောင်ရွက်ပြီး ရှေ့ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်နည်းလမ်းများကို ဆွေးနွေးပေးစေလိုကြောင်း၊ ယခင်ချုပ်ဆိုခဲ့သော စာချုပ်များကို လေးစားလိုက်နာပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယုံကြည်မှုတည်ဆောက်နိုင်မှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ်ထိတွေ့ပြီး ရှေ့ဆက်နိုင်မည်ဖြစ်၍ နည်းလမ်းမျိုးစုံနှင့် ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ နှစ်ဖက်အပြန်အလှန် ထိတွေ့ဆက်ဆံဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်ယုံကြည်မှုလည်း တိုးလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက အစိုးရသစ်ဖွဲ့ပြီးနောက်ပိုင်း အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၏ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များမထားသည့်ဆွေးနွေးပွဲများကျင်းပနိုင်ရေး ရည်ရွယ်ပြီး ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများအား ငြိမ်းချမ်းရေးဆွေးနွေးရန် တရားဝင်ဖိတ်ခေါ်ခြင်းအား ကြိုဆိုပါကြောင်း၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး တွေ့ဆုံမှုများသည် ဆွေးနွေးခြင်းလုပ်ငန်းစဉ်တိုးတက်မှုကိုပြသရာရောက်ခြင်းဖြစ်သကဲ့သို့တွေ့ဆုံဆွေးနွေးခြင်းနည်းလမ်းကို အလေးထားခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်ရာတွင် ယုံကြည်မှုသည် အလွန်အရေးကြီးကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေစဉ်ကာလအတွင်း ပြည်သူများနေရပ်ပြန်လာစေရေးနှင့် ပြန်လည်ထူထောင်ရေး အစီအမံများကို ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးနေကြောင်း၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အား ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့်ယနေ့ဆွေးနွေးပွဲမှ ရလဒ်ကောင်းများရမည်ကို ယုံကြည်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေး၊ ပဋိပက္ခကြောင့် ရွှေ့ပြောင်းနေထိုင်ခဲ့ရသည့်ပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့်ပြန်လည်ထူထောင်ရေး၊ ဒေသခံပြည်သူလူထုအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားနှင့် ဒေသဖွံ့ဖြိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်ဖက်အပြန်အလှန်ဆက်သွယ် ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ ယုံကြည်မှုပြန်လည်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးတို့အတွက် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးသည်။

ထို့နောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် မှတ်တမ်းတင်နိုင်ရန် ညှိနှိုင်းပြီး မှတ်တမ်းအားလက်မှတ်ရေးထိုး အတည်ပြုကြသည်။

ယင်းနောက် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများလာရောက်လှူဒါန်း

**ပုသိမ် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများက အလှူငွေများလာရောက်လှူဒါန်းလျက်ရှိရာ ယနေ့တွင် i Green Development and Engineering Group က အလှူငွေကျပ်သိန်း ၁၃၀၊ ဦးအောင်တင်စိုး + ဒေါ်ချစ်စုဝင်းတို့က အလှူငွေကျပ် သိန်း ၇၀၊ Shwe Wah Nadi Agriculture Co.,Ltd က အလှူငွေကျပ်သိန်း ၅၀၀ တို့ကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်ကလက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့အတူ ယမန်နေ့နံနက်ပိုင်းကလည်း




Supreme Trading Co.,Ltd က အလှူငွေကျပ် ၁၃၅ သိန်း၊ ဦးထွန်းကြည် + ဒေါ်ဟော်လင်လန့်(ဘက်စုံမွေးမြူရေး) က အလှူငွေကျပ်သိန်း ၃၀ နှင့် ဘဲဥအလုံး ၅၀၀၀၊ မြန်မာပြည်ဖွား တရုတ်မျိုးနွယ်လူမှုကူညီရေးအဖွဲ့က ငွေကျပ် ၂၆၄၆၇၅၀၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ တာပေါ်လင်မိုးကာများကို ဟင်္သာတမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဧည့်ရိပ်သာတွင် လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်

**ပဲခူး စက်တင်ဘာ ၁၅**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများအား ကြိုဆိုဂုဏ်ပြုမိတ်ဆက်ခြင်းအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ပြိုင်ပွဲဝင်အသင်းများက မိတ်ဆက်ကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဒိုင်လူကြီးများ၊ ရခိုင်ပြည်နယ်အသင်း၊ နေပြည်တော်ကောင်စီအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ နည်းပြနှင့်အုပ်ချုပ်သူများထံ အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်သည်။ ၎င်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို ပဲခူးတိုင်းဒေသကြီးအသင်း၊ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ပါဝင်ကာ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ ပဲခူးမြို့ အားကစားဥယျာဉ်ကွင်း၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

# ရိတ်သိမ်းခြွေလှေ့စက်မောင်းနှင့် ထိန်းသိမ်းမှု(အခြေခံ)သင်တန်းဖွင့်

**ဇလွန် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၉) စက်မှုလယ်ယာစခန်း၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင့် ထိန်းသိမ်းမှု(အခြေခံ) သင်တန်း ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်က ကျင်းပသည်။


သင်တန်းဖွင့်ပွဲတွင် ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရန်လင်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးသက်ပိုင်ထူးက လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်လျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များကို လယ်ယာလုပ်ငန်းခွင်တွင် စနစ်တကျ နည်းမှန်လမ်းမှန် အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာမောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စနစ်တကျ ချိန်ညှိတတ်စေရန်နှင့် ရိတ်သိမ်းခြွေလှေ့စက်ဖြင့် စပါးများရိတ်သိမ်းရာ၌ အလေအလွင့်မရှိစေရေး၊ နည်းစနစ်များ မှန်ကန်စွာဆောင်ရွက်နိုင်ရေး၊ စပါးပင်များ ထိခိုက်မှုမရှိစေရေးအတွက် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါရိတ်သိမ်းခြွေလှေ့စက်မောင်းနှင့်ထိန်းသိမ်းမှု(အခြေခံ)သင်တန်းကို မြို့နယ်အတွင်းရှိ တောင်သူ ၃၀ ဦး တက်ရောက်သင်ကြားပြီး သင်တန်းကို စက်တင်ဘာလ ၁၄ ရက်မှ ၂၅ ရက်အထိ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဝေယံ(ဇလွန်)**



## မိုးလေဝသ သတင်း






# စာဖတ်ရှိန်မြင့်မားရေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေး

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားပြီး စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်စာစောင်များ သွားရောက်ငှားရမ်းပေးလျက်ရှိရာ စက်တင်ဘာလ ၁၄ ရက်က အင်းစိန်မြို့နယ် သစ်တောဦးစီးဌာနရုံး ဝန်ထမ်းများနှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများထံ သွားရောက်ပြီး သုတ/ရသ စာအုပ်၊ စာစောင်မျိုးစုံ ငှားရမ်းပေးသည်။



အဆိုပါရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ပေါ်တွင် ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက်စာဖတ်သူအကြိုက် စာအုပ်၊ စာစောင်များကို နှစ်ပတ်တစ်ကြိမ် သွားရောက်ငှားရမ်းပေးလျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက အထူးသဘောကျနှစ်သက်ကြသည်။

အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသမဂ္ဂဇင်း၊ စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ပေးလျက်ရှိပြီး ယခင်ငှားရမ်းပေးသောစာအုပ်များကိုလက်ခံရယူကာ ဆက်လက်ငှားရမ်းပေးပြီး ရက်သတ္တနှစ်ပတ်ပြည့်လျှင် စာအုပ်အသစ်များဖြင့် ထပ်မံလဲလှယ် ငှားရမ်းပေးခြင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ထွန်းလင်းကျော်(ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေး

**မိုးညို စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို စက်တင်ဘာလ ၁၄ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ငွေကျပ် ၄၁ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကံကလေးကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၂ ဦးအတွက် ငွေကျပ် ၃၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးအတွက် ငွေကျပ် ၈ ဒသမ ၅ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်း(အပ်ချုပ်စက်)လုပ်ကိုင်သူ တစ်ဦးအတွက်ငွေကျပ်သုညဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးအတွက် ငွေကျပ် ၄၁ ဒသမ ၆ သန်းကို ထုတ်ချေးပေးကြောင်း သိရသည်။ **သန္တာ**

# မော်လမြိုင်ကျွန်းမြို့နယ်၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ရောခန်းမ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေစိုက်ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာလ ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ရဲမှူး စိုးမိုးဦးက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရေး ကြိုးစားဆောင်ရွက်ကြရန်ပြောကြားသည်။ ယင်းနောက် မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစန်းဝင်းက ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ထိရောက်စွာပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်ကျန်းမာရေးဆိုင်ရာ အသိပညာ၊ ကျွမ်းကျင်မှုများရရှိစေရန်ရည်ရွယ်၍ သင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကို ခြောက်လကြာသင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

# စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မန္တလေး စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို စက်တင်ဘာလ ၁၅ ရက်တွင် တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးကြသည်။

အဆိုပါလုပ်ငန်းကို အမရပူရမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၂၀ ဒသမ ၀၉၂ သန်းဖြင့် ရွှေပေါက်ပင်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို ယခုနှစ် ဇူလိုင်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင်သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အဆိုပါသင်တန်းကို စက်တင်ဘာလ ၁၅ ရက်မှ ၂၉ ရက် အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကာ ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာနများ နှင့် တက္ကသိုလ်တို့မှ သင်တန်းသား ၂၀ ဦး တက်ရောက်သွားမည်ဖြစ်၍ သင်တန်းတွင် ဥပဒေသဘော သဘာဝ၊ စနစ်နှင့်အမျိုးအစားများ၊ ဥပဒေအရင်းအမြစ်များနှင့် ဥပဒေ အခြေခံအကြောင်း စသည့်ဘာသာ ရပ် ၂၁ ခုကို သင်ကြားပို့ချပေးသွား မည်ဖြစ်ကြောင်းသိရသည်။

သင်တန်းဖွင့်ပွဲတွင်ပြည်ထောင်စု ဝန်ကြီးက ယခုသင်တန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်ကို အကောင်အထည် ဖော်ဖွင့်လှစ်ခြင်းဖြစ်သကဲ့သို့ သာသ နာရေးဝန်ကြီးဌာနတွင်တာဝန်ထမ်း ဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများ ဥပဒေအသိပညာ၊ ဥပဒေဗဟုသုတများ သိရှိနားလည် နိုင်စေရန်ရည်ရွယ်ပြီး ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းသားများ အနေဖြင့် ရသည့်အချိန်တွင် ဥပဒေ အသိပညာများ ပြည့်ပြည့်ဝဝရရှိ သွားအောင် အလေးထားသင်ယူ ကြရန်လိုပါကြောင်း၊ သင်တန်းမှရရှိ သည့် ဥပဒေပညာရပ်ဗဟုသုတ များကို လုပ်ငန်းခွင်နယ်ပယ်၌ အသုံးချနိုင်သည်အထိ ကြိုးစားကြ ရန်လည်း မှာကြားလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဦးလင်းအောင်၊ အမြဲတမ်းအတွင်း ဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ အမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူ များ တက်ရောက်ကြကြောင်း သိရသည်။



**မြဝတီ**

---

**➢ ဖလမ်းမြို့မှ**

မြန်မာ့စီးပွားရေးဘဏ်၌ B2B Satellite Terminal တပ်ဆင်ထား ရှိမှု၊ ဆိုလာမီးတပ်ဆင်ထားရှိမှု၊ အဆောက်အအုံ ပြုပြင်ပြီးစီးမှု တို့ကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှု စစ်ဆေးခဲ့သည်။

ထို့ပြင် နယ်စပ်ဒေသတိုင်းရင်း သားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ခရိုင်ရုံးအဆောက် အအုံ၊ ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး အဆောက်အအုံ၊လေးခန်းတွဲဝန်ထမ်း အိမ်ရာ၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာ နှင့် အရာရှိနေအိမ်များတစ်စိတ် တစ်ပိုင်းပြုပြင်နေမှု၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တစ်စိတ်တစ်ပိုင်း ပြုပြင်ပြီးစီးမှုနှင့် အမှတ်(၂)အခြေခံပညာ အထက်တန်း ကျောင်းတွင်ကျောင်းသား၊ကျောင်း သူ ၄၀၀ ကျော် အေးချမ်းစွာ ပညာ သင်ကြားနေမှု၊ပြည်သူများအပန်းဖြေ လည်ပတ်နိုင်ရန် လွတ်လပ်ရေး ကျောက်တိုင်နှင့် View Point ပြုပြင် ဆောင်ရွက်နိုင်ရေးတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် မီးသတ် ဦးစီးဌာနရုံးအဆောက်အအုံများနှင့် အိမ်ရာများပြုပြင်နေမှု၊ ခရိုင် တိုင်းရင်းဆေးကုဌာနရုံးအဆောက် အအုံနှင့် ဝန်ထမ်းအိမ်ရာပြုပြင်နေမှု၊ ဖလမ်းမြို့မရဲစခန်း၊ မြို့နယ်ရဲတပ်ဖွဲ့ မှူးရုံးနှင့်အိမ်ရာများနှင့် ခရိုင်ရဲ တပ်ဖွဲ့မှူးရုံးပြုပြင်နေမှု၊ ဆိုလာမီး တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှု စစ်ဆေးပြီး မြို့တော်ခန်းမ၌ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဒေသခံ ကုမ္ပဏီများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးသည်။

အကြမ်းဖက်ဖြစ်စဉ်များကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးသွားသည့် ဖလမ်းခရိုင် ဌာနဆိုင်ရာအဆောက် အအုံ ၂၀၈ လုံးကို ဒုတိယဝန်ကြီး များဦးဆောင်ပြီး ချင်းပြည်နယ် အတွင်း ပြန်လည်ထူထောင်ရေး နှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၏ အနီးကပ် ကြီးကြပ်မှုဖြင့် ဒေသခံကုမ္ပဏီ ၁၂ ခုတို့က ပြုပြင်တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**မြဝတီ**

---



**❒ ရွှေဖုံးမှအဆက်**

လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ နှင့် ယာဉ်ပိုင်ရှင်ပြည်သူများ တက် ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည် ကုစားပေးသည့်အနေဖြင့်နိုင်ငံတော် မှ ယခုကဲ့သို့ ပြည်နယ်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများ ကြောင့်ငါးနှစ်နှင့်အထက်သက်တမ်း ကျော်လွန်ခဲ့သည့် မော်တော်ယာဉ် နှင့် မော်တော်ဆိုင်ကယ်များကို ပြန်လည်မှတ်ပုံတင်ဆောင်ရွက် ပေးခဲ့ခြင်းသည်ပြည်သူများအတွက် အကျိုးရှိထိရောက်သည့်ကိစ္စရပ်ဖြစ် ပါကြောင်း၊သက်ဆိုင်ရာဌာနဆိုင်ရာ များအနေဖြင့် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆောင်ရွက်ရ သည့်လုပ်ငန်းများဖြစ်သည့်အတွက် လုပ်ငန်းစဉ်များကို ရှင်းလင်း လွယ်ကူစွာသိရှိနိုင်ရေး၊ သတ်မှတ် ချက်များနှင့်အညီ မြန်ဆန်ထိရောက် စွာ ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူများ၏လိုအပ်ချက်များကို အလေးထားဆောင်ရွက်ပေးရန်ဖြစ် ပါကြောင်း၊ ပြည်သူများအနေဖြင့် လည်း မော်တော်ယာဉ်၊ မော်တော် ဆိုင်ကယ်များကို မောင်းနှင် အသုံးပြုသည့်နေရာတွင် သတ်မှတ် ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို တိတိကျကျ လိုက်နာမောင်းနှင်ကြရန်လိုအပ် ကြောင်းပြောကြားပြီး ယာဉ်မှတ်ပုံ တင်စာအုပ်များ ပေးအပ်ရာ ယာဉ်ပိုင်ရှင် ကိုယ်စားလှယ်တစ်ဦး က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီး များနှင့် လွှတ်တော်ကိုယ်စားလှယ် များက ယာဉ်မှတ်ပုံတင်စာအုပ်များ ပေးအပ်ရာ ယာဉ်ပိုင်ရှင်ကိုယ်စား လှယ်များက လက်ခံရယူခဲ့ကြ သည်။ ကယားပြည်နယ်အတွင်း မော်တော်ယာဉ်နှင့် မော်တော် ဆိုင်ကယ်များ ပြန်လည်မှတ်ပုံတင် သက်တမ်းတိုးခြင်းကို ဇူလိုင်လ ၂၈ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ ပြီး ယနေ့အထိ ထော်လာဂျီ တစ်စီး၊ သုံးဘီးမော်တော်ဆိုင်ကယ် ရှစ်စီးနှင့်မော်တော်ဆိုင်ကယ် ၂၀၉ စီး ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရ သည်။

**ပြည်နယ်(ပြန်/ဆက်)**

---

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ လူငယ်စကားဝိုင်းကျင်းပ



**နေပြည်တော် စက်တင်ဘာ ၁၅**

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သည် အဂတိလိုက်စားမှု ကို လက်သင့်မခံသည့် ဖြောင့်မတ် တည်ကြည်မှုရှိသည့် အသိုက်အဝန်း ကို တည်ဆောက်နိုင်ရန် လူငယ် ကဏ္ဍဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရန်ရည်ရွယ်၍ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးနှင့်လူငယ် တို့၏အခန်းကဏ္ဍ လူငယ်စကား ဝိုင်းများကို ပညာရေးဝန်ကြီးဌာန နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ပါရမီကိုယ်ပိုင် အထက်တန်းကျောင်း၌ ကျောင်း သားလူငယ်များ ဦးဆောင်သည့် စကားဝိုင်းကျင်းပသည်။

အဆိုပါစကားဝိုင်းတွင် ကျင့်ဝတ် နှင့်ညီသည့် ခေါင်းဆောင်ကောင်း တစ်ဦးဖြစ်လာရန်အတွက် ငယ်စဉ် ကတည်းက ဖြောင့်မတ်တည်ကြည် မှုကိုအခြေပြုရန် လိုအပ်မှုများ နှင့်စပ်လျဉ်း၍ ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသည့်ကျောင်းသား၊ ကျောင်းသူများ၏ မေးခွန်းများကို ပြန်လည်ဖြေကြားခဲ့သည်။

အခမ်းအနားသို့ အဂတိ လိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ရုံး ကော်မရှင်ရုံးခွဲ (မော်လမြိုင်) မှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိ သူများ၊ မော်လမြိုင်မြို့ ပါရမီ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၇၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**မြဝတီ**

---

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြလက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့်နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် ၁၆-၉-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၃-၉-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူသွားလာရေးနှင့်ကုန်စည်စီးဆင်းမှုမြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။

အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက်၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

---

## (၁၅-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၀ ~ ၃၆၇၀ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၂,၁၅၅,၇၅၆.၇၃ | ၄,၁၉၉,၇၅၅.၁၁ | ၄,၄၄၉,၃၁၂.၁၇ | - |

---

## ၁၅-၉-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။ **ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# နို့စို့ကလေးငယ်နှင့်အိပ်စက်ခြင်းအကြောင်း တစေ့တစောင်း

ဒေါက်တာလွင်သန့်

- ကလေးအတွက် အိပ်ရာဝင်ချိန်တွင် ညစဉ်ပြုလုပ်ရမည့်အရာများ ဖန်တီးထားသင့်သည်။ မိမိကလေးငယ်အား မည်သည့်အချိန်တွင် အိပ်စက်စေချင်သည်ကို ဆုံးဖြတ်ထားပြီး ကလေးအိပ်ရမည့်အချိန်နီးလာလျှင် သတိပေးသင့်သည်။
- နေ့စဉ် အချိန်တစ်ခုသတ်မှတ်ပြီး အဆိုပါအချိန်အနီးတစ်ဝိုက်တွင် ကလေးကို ရေချိုးပေးသင့်သည်။ ကလေးငယ်ကို အနည်းငယ်ကစားခွင့်ပေးသင့်သည် . . . .

နို့စို့အရွယ်ကလေးများ၏ အိပ်စက်ခြင်းပုံစံများသည် ၎င်းတို့၏ ကျန်းမာရေးနှင့် ဦးနှောက်ဖွံ့ဖြိုးမှုအတွက် အဓိကအရေးကြီးဆုံးအချက်တစ်ခုဖြစ်သည်။

**ပက်လက်သာအိပ်စက်စေသင့်**

ကလေးငယ်များအတွက် အသက်ရှူလမ်းကြောင်းဆိုင်ရာ အန္တရာယ်ကင်းစေရန် ပက်လက်အနေအထားဖြင့်သာ အိပ်စက်စေသင့်သည်။

**သီးသန့်နေရာထားသင့်**

ညအိပ်ချိန်တွင် မိဘများနှင့်အတူ ဒန်း သို့မဟုတ် အိပ်ရာပေါ်ထားခြင်းထက် သီးသန့်ပုခက် သို့မဟုတ် ကလေးခုတင်၌ ထားသင့်သည်။

**ပစ္စည်းများဖယ်ရှားသင့်**

အသက်ရှူကျပ်ခြင်းမှ ကာကွယ်ရန် ကလေးငယ်၏အိပ်ရာထဲတွင် ခေါင်းအုံးများ၊ စောင်အထူများနှင့် အရုပ်များ လိုသည်ထက်ပို၍မထားသင့်ပါ။

**လေထုတ်သင့်**

နို့တိုက်ပြီးတိုင်း ကလေး၏ကျောပြင်ကို ပွတ်သပ်ပေးခြင်းဖြင့် လေထုတ်ပြီးမှသာ သိပ်သင့်သည်။

**နေ့စဉ်လုပ်ရိုးလုပ်စဉ်များ**

နို့တိုက်ပြီးချိန်တွင် ကလေးကစားရန် ခဏနှိုးပေးသင့်သည်။ နို့တိုက်ခြင်းနှင့်အိပ်စက်ခြင်းကို စည်းချက်ညီလာအောင် အချိန်မှန်လုပ်ဆောင်ခြင်းဖြင့် ကလေး၏အိပ်ချိန် ပိုမိုရှည်ကြာလာမည်ဖြစ်သည်။ မိမိအိပ်ရာတွင် နို့စို့ကလေးငယ်ရှိနေလျှင် အိပ်စက်မှုကို အနှောင့်အယှက်ဖြစ်နိုင်သည်။ ထို့ပြင် အိပ်ချိန်၊ ထချိန်မမှန်သည့်ကလေးကြောင့် လူကြီးများတွင် ပြဿနာဖြစ်လာနိုင်သည်။ အိပ်စက်မှုပြဿနာကို ရှောင်ရှားနိုင်ရန် ပထမဆုံးအဆင့်အနေဖြင့် ရိုးရှင်းသော အိပ်ရာဝင်၊ အိပ်ရာထအလေ့အကျင့်ကောင်းများ ပြုလုပ်ပေးရမည်ဖြစ်သည်။

**ကလေးငယ်အိပ်ငိုက်သည့်အခါ သတိထားသင့်**

ကလေးငယ်အတွက် ကျန်းမာရေးနှင့် ညီညွတ်မှုရှိသော အိပ်စက်မှုအကျင့်ကောင်းများရရှိရန် ကောင်းကောင်းအိပ်မောမကျမီ ပင်ပန်းပြီးအိပ်ငိုက်လာသည့်အခါ ပုခက်ထဲထည့်သင့်သည်။ ကလေးငယ် အိပ်ပျော်သွားသည့်အခါ အချိန်ပြည့်ပုခက်လွှဲနေခြင်း မပြုလုပ်သင့်ပါ။ ကလေးငယ်များ မည်သည့်အကူအညီမှမပါဘဲ သူ့ဘာသာသူ အိပ်တတ်ရန် လေ့ကျင့်ပေးထားသင့်သည်။ နို့စို့ကလေးငယ်များ အိပ်ပျော်ရန်အတွက် လုံးဝတိတ်ဆိတ်နေရန် မလိုအပ်ပါ။ မည်သည့်နေရာ၌မဆို အိပ်ပျော်တတ်ရန် လေ့ကျင့်ပေးထားသင့်သည်။ ရုတ်တရက် ကျယ်လောင်သံထွက်လာမှုများကို ရှောင်ကြဉ်သင့်သည်။ အိပ်ခါနီးအမူအကျင့်များ တည်ဆောက်ထားသင့်သည်။ ကလေးငယ် အိပ်ချင်စိတ်ဖြစ်လာရန် ညနေတိုင်း စိတ်ပျော်ရွှင်မှုရနိုင်သည့် ပုံမှန်လုပ်ရိုးလုပ်စဉ် ပြုလုပ်ပေးသင့်သည်။

**အကူအညီတောင်းရန် တွန့်ဆုတ်မှုမရှိသင့်**

အငိုမတိတ်သောကလေးငယ်များနှင့် အတူနေထိုင်သည်က မိမိ၏သည်းခံနိုင်စွမ်းကို စမ်းသပ်နေသကဲ့သို့ဖြစ်နေမည်။ အထူးသဖြင့် တစ်ညတာလုံး မအိပ်စက်ရသည့်အတွက် ပင်ပန်းနေသည့် အချိန်အခါတွင်ဖြစ်သည်။ မိမိက ယင်းကို မည်သို့မျှသည်းမခံနိုင်လျှင် အကူအညီတောင်းခံရန်လိုအပ်နေပြီဖြစ်သည်။ ငိုနေသည့်ကလေးအတွက် မိမိ၏မိဘဆီက အကူအညီရယူသင့်သည်။ ဆရာဝန်ထံမှ အကြံဉာဏ်ကောင်းများ တောင်းခံခြင်း ပြုလုပ်သင့်သည်။

**အလှည့်ကျတာဝန်ယူနိုင်းသင့်**

မိမိအိမ်ထောင်ဖက်သည် မိမိကလေး၏ညအိပ်ချိန်ကို အတူမျှဝေခံစားပေးသင့်သည်။ ပုံမှန်အားဖြင့် နို့စို့အရွယ်ကလေးငယ်ရှိသောမိခင်သည် ကလေးငယ် ရက်သား၊ လသားကာလများတွင် ကလေးငယ်ကိုဂရုစိုက်ရန် ရှောင်လွှဲ၍မရပါ။ သို့သော် ကလေးငယ်အတွက် လိုအပ်လျှင် နို့ဘူးဖျော်ခြင်း၊ ဒိုက်ဘာလဲလှယ်ခြင်းမျိုးကို တခြားသူအား ပြုလုပ်ခိုင်းနိုင်သည်။

**ကလေးအိပ်ပျော်နေချိန် မိခင်ပါအိပ်သင့်**

နေ့ခင်းပိုင်း မိမိကလေးအိပ်နေချိန် ရလာသည့်အခွင့်အရေးကို အသုံးချပြီး မိခင်ပါတစ်ရေးအိပ်စက်သင့်သည်။ အိမ်အလုပ်များအတွက် စိတ်မပူသင့်ပါ။ ညဘက်အချိန်များတွင် မိမိကလေးက သူ့ကို အာရုံစိုက်စေချင်သော် ပုံပြောပြခြင်း၊ စာဖတ်ပြခြင်းမျိုးပြုလုပ်သင့်သည်။ ညအချိန်က ပျော်ရွှင်စွာပြုလုပ်ရန်မဟုတ်ဘဲ အိပ်စက်ရန်သာဖြစ်သည်ဆိုခြင်းကို မိမိကလေးငယ်သိသင့်သည်။ မိမိက ကလေး၏အခန်းထဲမှ ထွက်သွား၍ ကလေးက ငိုယိုနေသော် သို့မဟုတ် ညအချိန် မကြာခဏနိုးနေသော် အောက်ပါတို့ကို ပြုလုပ်ပေးသင့်သည်။

ကလေးအိပ်ခန်းထဲသို့ ပြန်မဝင်မီ မိနစ်အနည်းငယ် စောင့်ဆိုင်းနေသင့်သည်။ သူ့အခန်းထဲဝင်ပြီး Good Night ဟုပြန်ပြောကာ ကလေးကိုနှစ်သိမ့်သင့်သည်။ သို့သော် ကလေးငယ်က သူ့အိပ်ရာထဲတွင်ကျန်ရစ်ခဲ့ရမည်ကို ရှင်းရှင်းလင်းလင်းမျှော်မှန်းထားသင့်သည်။ မိမိကလေးငယ်က မတ်တတ်ရပ်နေလျှင် သူ့ကိုနှစ်သိမ့်သင့်သည်။ သို့သော် စကားနည်းနည်းသာ ပြောသင့်သည်။ ကလေးငယ်ဂျီကျတိုင်း ထိုကဲ့သို့ပြုလုပ်သင့်သည်။

- ကလေးအတွက် အိပ်ရာဝင်ချိန်တွင် ညစဉ်ပြုလုပ်ရမည့်အရာများ ဖန်တီးထားသင့်သည်။ မိမိကလေးငယ်အား မည်သည့်အချိန်တွင် အိပ်စက်စေချင်သည်ကို ဆုံးဖြတ်ထားပြီး ကလေးအိပ်ရမည့်အချိန်နီးလာလျှင် သတိပေးသင့်သည်။
- နေ့စဉ် အချိန်တစ်ခုသတ်မှတ်ပြီး အဆိုပါအချိန် အနီးတစ်ဝိုက်တွင် ကလေးကို ရေချိုးပေးသင့်သည်။ ကလေးငယ်ကို အနည်းငယ်ကစားခွင့်ပေးသင့်သည်။ သို့သော် အိပ်ရာဝင်ခါနီးတွင် တီဗွီကြည့်ခြင်း၊ ဆူညံသည့်ကစားနည်းကဲ့သို့ စိတ်ကိုလှုံ့ဆော်နေခြင်းမျိုး မပြုလုပ်သင့်ပါ။
- နို့တိုက်သင့်သည် သို့မဟုတ် အဆာပြေကျွေးသင့်သည်။
- ကလေးငယ်ကို သွားတိုက်ပေးသင့်သည်။ သူ့ဘာသာသူသွားတိုက်ရန် သင်ပေးသင့်သည်။
- ကလေးအိပ်မပျော်မီ သူ့အခန်းထဲမှ ထွက်လာသင့်သည်။

ပုခက်အတွင်းရှိ ကလေးငယ်များ ရုတ်တရက်သေဆုံးခြင်းရောဂါစု(SIDS) ကြောင့် ကမ္ဘာတစ်ဝန်းရှိ နို့စို့ကလေးငယ်များသေဆုံးခဲ့ကြသည်။

ယင်းအတွက် နို့စို့ကလေးတစ်ဦး မှောက်လျက်အိပ်ခြင်းသည် SIDS နှင့် မည်သို့ဆက်နွှယ်သည်ကို တိတိကျကျ သိသော်လည်း ထိုမှောက်လျက်အနေအထားကြောင့် ကလေးငယ်သည် မိမိရှူထုတ်လိုက်သောလေကို ပြန်၍ရှူမိစေနိုင်ရာ သွေးထဲတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို တိုးများစေသည်ဟု သုတေသီများက ဆိုထားသည်။

မှောက်လျက်အိပ်သောအခါ အပူလျှော့ချခြင်းမရှိသောကြောင့် ကလေးငယ်၏ခန္ဓာကိုယ်သည် အပူလွန်ကဲမှုလည်းဖြစ်နိုင်သည်။ သေချာသည်က နို့စို့ကလေးများကို ပက်လက်ဖြစ်စေ၊ မှောက်လျက်ဖြစ်စေထားသောအခါ ထိုအနေအထားနေလေ့ရှိသည်။ သာမန်ကျန်းမာရေးကောင်းသော နို့စို့ကလေးငယ်ကို ဘေးစောင်းအိပ်စေခြင်းထက် ပက်လက်အိပ်စေခြင်းက ပို၍ကောင်းသည်ဟု လေ့လာမှုများကဆိုသည်။

အချုပ်အားဖြင့်ဆိုရသော် နို့စို့ကလေးများနှင့်အတူအိပ်မည့်မိခင်များအနေဖြင့် ဘေးစောင်းမအိပ်သင့်ဘဲ ပက်လက်အိပ်ခြင်းဖြင့် ကလေးငယ်များ၏အသက်ရှူမှုကို အနှောင့်အယှက်မဖြစ်ရန် သတိထားသင့်သည်။ နို့စို့ကလေးငယ်အား ပြုစုစောင့်ရှောက်ရာတွင် မိခင်တစ်ဦးတည်းသာမက မိသားစုဝင်အားလုံး ဝိုင်းဝန်းပံ့ပိုးကူညီပေးမှသာလျှင် ကလေးငယ်များ ကျန်းမာပြီး ပျော်ရွှင်စွာကြီးပြင်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# အသိပညာဗဟုသုတတိုးပွားစေရန် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြော



**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းရင်းဆေးကုဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၅ ရက်တွင် အခြေခံပညာမူလတန်းလွန်ကျောင်း(ကွမ်းခြံအရှေ့)၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းဝင်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းငွေအောင်က ဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းနောက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဒေါ်နွယ်နွယ်ဦးက ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါအကြောင်း၊ မျက်စိနာရောဂါ အကြောင်းနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးများ အကြောင်းကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ဒေသတွင်းအလုပ်အကိုင်များဖန်တီးပေးနိုင်ရေး လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ၏ ကြီးကြပ်မှုဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို စက်တင်ဘာလ ၁၄ ရက်က ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ဖွင့်လှစ်သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်က သင်တန်းသား၊ သင်တန်းသူအားလုံး သင်တန်းမှ သင်ကြားပေးလိုက်သည့် ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူကြရန်၊ မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်းရှိ ပြည်သူများအတွက် ဒေသတွင်းအလုပ်အကိုင်များ ဖန်တီးပေးနိုင်အောင် ဆောင်ရွက်ကြပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သည်အထိ ကြိုးစားလုပ်ဆောင်ကြရန် အမှာစကားပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ပေးအပ်ကာ သင်တန်းသား၊ သင်တန်းသူများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# မုံရွာမြို့နယ်၌ မြေပဲ ဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်



**မုံရွာ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ဒီနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ မြေပဲသီးနှံဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ကျေပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

ယခုနှစ် မုံရွာမြို့နယ်၌ မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးများ ပိုမိုကောင်းမွန်ခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် အဆိုပါနည်းစနစ်များဖြင့် စိုက်ပျိုးသည့်တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းလာနိုင်ကြောင်း သိရသည်။ (၁၀၉)

# ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မြဝတီ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာလ ၁၄ ရက် မွန်းလွဲပိုင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီဥက္ကဋ္ဌ ဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးညီညီအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ကစားကြမည့် အသင်းအလိုက် ကိုယ်စားပြု အားကစားသမားများက ကွင်းအတွင်း နေရာယူကြပြီး အသင်းလိုက် မိတ်ဆက်ကြသည်။

ထို့နောက် ပြိုင်ပွဲစတင်ရန် အတွက် ကျောင်းအုပ်ဆရာကြီးက အဖွင့်ဘောလုံးအား ကွင်းအတွင်း ကန်သွင်းပြီး ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကစားကြသည်။

အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကောင်စီ ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို စက်တင်ဘာလ ၁၄ ရက်မှ ၁၈ ရက်အထိ အသင်းအလိုက် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(၁၀၆)

# မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



**သဲကုန်း စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိ ဒေသခံတောင်သူများ အနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် အတွက် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

သဲကုန်းမြို့နယ်အတွင်းဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးရာတွင်ပျိုးထောင်စိုက်ပျိုးခြင်း၊မျိုးစေ့ချကိရိယာဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်ဖြင့် ၂၀၂၆ ခုနှစ် မိုးစပါး စိုက်ပျိုးရာသီ၌ အောင်နိုင်တိုး ဧက ၅၄၀၊ YAR-14 ဧက ၈၃၀၊ ထိုင်းနံ့ကောက် ၁၁၆၂ ဧက၊ မဲ့ဘီ-၂၁၀၀၀၆ ဧက ရက် ၉၀ ၁၁၂၄၃ ဧက၊ ရတနာတိုး ၂၇၃၄၂ ဧက၊ အင်းမရဲဘော် ၈၄၆၃ ဧက၊ ဗီယက်နမ် ဧက ၁၁၅၆၀ စုစုပေါင်း ဧက ၈၂၆၁၀ စိုက်ပျိုးနိုင်ခဲ့ကြသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီအနေဖြင့် တောင်သူများအား အထွက်ကောင်းမျိုးကောင်း မျိုးသန့် စပါးမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊စိုက်ပျိုးနည်းပညာများ လက်တွေ့ကွင်းဆင်း သရုပ်ပြသပေးခြင်းလုပ်ငန်းများ၊စိုက်ပျိုးနည်းစနစ်သင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် တောင်သူအသိပညာပေးဟောပြောပွဲများကိုကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**

## ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ပါ

❒ ဝမ်းပျက်ဝမ်းလျှော ရောဂါများ
ဖြစ်ပွားကြ ချိန်ခါတွင်။
ကူးစက်မြန် ရောဂါဘေး
ကင်းဝေးစေချင်။
ဂရုပြု သတိယူဉ်
အသိလျင် လမ်းညွှန်ပြ။
သွားလာနေထိုင် နည်းလမ်းသိ
စည်းကမ်းရှိကြ။
❒ ယင်နားစာ မစားရ
ရေကိုကျိုချက် သောက်ကြပါ။
တစ်ကိုယ်ရေ သန့်ရှင်းရေး
ညစ်ကြေးစင်ကွာ။
ကူးသန်းသွားလာမှု ရှောင်ကာ
ပူနွေးစာကိုသာစား။
ကိုယ့်ဝန်းကျင် ကိုယ့်ဒေသ
သန့်ရှင်းကြစေသား။
❒ ခြင် ယင်တွေ မဝင်နားလို့
အိမ်ခန်းများလည်း မစွတ်စို။
ရှူရှိုက်ပါ လေကောင်းလေသန့်
ဆိုးနံ့ကင်းလို။
ရေမြောင်းများနှင့် လမ်းကြားထိုထို
နေရောင်ကို ရစေလျက်။
သန့်စင်ခန်း အပြင် အတွင်း
သန့်ရှင်းဖို့တွက်။
❒ မပေါ့ဆစေ သတိထက်
အသိဖက်တော့ ကျန်းမာမည်။
ရောဂါထူလျှင် ငွေကုန်ခန်း
လူလည်းပန်းသည်။
တစ်ဦးချင်း တစ်ယောက်ချင်းတည်
ရည်ရွယ်မှု ကောင်းဖို့တွေး။
ပြည်မြန်မာ အလှလွှမ်း၍
အေးချမ်းစေလေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးသင်တန်းဖွင့်

**မောက်မယ် စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) မောက်မယ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်တင်နိုင်ရန်၊ စိုက်ပျိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အထောက်အကူပြု စိုက်ပျိုးရေး နည်းပညာ ပြန့်ပွားရေး သင်တန်းဖွင့်ပွဲကို စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စုစုလင်းနှင့် ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းချမ်းခိုင်တို့က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစွမ်းရည်ထူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်တန်းဆရာနှင့် သင်တန်းသား၊ သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများ အသီးသီးပေးအပ်ကြကြောင်းသိရသည်။



**စိုင်းမျိုးသန့်(မောက်မယ်)**

# ဓနုဖြူမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းဆွေးနွေး



**ဓနုဖြူ စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာလ ၁၄ ရက်က အလမျိုးကျေးရွာအုပ်စုရှိ အခြေခံပညာ အထက်တန်းကျောင်း(အလမျိုး)၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်မေစိုးက လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး အခြေခံပညာအထက်တန်းကျောင်း (အလမျိုး)မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်စိတ်ကျန်းမာရေး၊ လူငယ်နှင့်အားကစားခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းကြရာ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသောသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ၊ စာအုပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲနှင့်လက်ကမ်းစာစောင်ဖြန့်ဝေခြင်းဆောင်ရွက်



**မြို့သစ် စက်တင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ကလေးအလုပ်သမားနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိစေရေးအတွက် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာလ ၁၄ ရက်က ပုလင်းကြီးကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းကျောင်း(ပုလင်းကြီး)၌ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိဇွန်က ကလေးအလုပ်သမား၏အဓိပ္ပာယ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏အလုပ်ချိန်ကန့်သတ်ချက်၊ ကလေးသူငယ်များအတွက် အခွင့်အရေးဆိုင်ရာများနှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် အသိပညာပေးအကြောင်းအရာများကိုဟောပြောဆွေးနွေးသည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်း(ပုလင်းကြီး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**

# နှံ့ကားအမျိုးအစားဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ပုသိမ် စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ နှံ့ကားအမျိုးအစားဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ပုသိမ်မြို့နယ်မှ ဆန်၊ စပါးရောင်းဝယ်ရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူဇာဝင်း၏ပြောပြချက်အရ သိရသည်။

ပုသိမ်မြို့ ဆန်၊ စပါး ရောင်းဝယ်ရေးဈေးကွက်တွင် ယခုနှစ် စက်တင်ဘာလဒုတိယပတ်မှ စတင်ပြီး နှံ့ကားအမျိုးအစားဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေခြင်းဖြစ်ကြောင်း၊ ထိုသို့ဝယ်လိုအားကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“အခု ဒေသဈေးကွက်မှာ တခြားဆန်တွေထက် နှံ့ကားအမျိုးအစားဆန်က ဝယ်လိုအားကောင်းနေပါတယ်။ စက်တင်ဘာလဒုတိယပတ်လောက်ကစပြီး အဝယ်လိုက်လာတာပါ။ အခုလို အဝယ်လိုက်လာတာက ပြည်တွင်းဆန်ကြိမ်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာတာကြောင့်လည်းပါတယ်။ အရောင်းအဝယ်ကောင်းမွန်လာတော့ ဆန်၊ စပါးရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်တဲ့သူတွေအဆင်ပြေလာပါတယ်” ဟု ဒေါ်သူဇာဝင်းကပြောသည်။

အဆိုပါဆန်များ ဝယ်လိုအားကောင်းလာခြင်းကြောင့် ဆန်၊ စပါး ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

# မြန်အောင်မြို့နယ် သား၊ ငါးဈေးကွက်တွင် တီလားဗီးယားများ ဝယ်လိုအားများပြီး အရောင်းအဝယ်ကောင်းမွန်လာ

**မြန်အောင် စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သား၊ ငါးဈေးကွက်၌ တီလားဗီးယားများ ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းမွန်လာကြောင်း မြန်အောင်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အေးသက်၏ပြောဆိုချက်အရ သိရသည်။

မြန်အောင်မြို့နယ် သား၊ ငါးဈေးကွက်၌ စက်တင်ဘာလဆန်းပိုင်းမှစ၍ တီလားဗီးယားများ ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ တစ်ရက်လျှင် ပိဿာ ၄၀၀၀ မှ ၅၅၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

“လက်ရှိ တီလားဗီးယားတွေ ဝယ်လိုအားများပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ တီလားဗီးယားတွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းတယ်။ အခုလို ဝယ်လိုအားကောင်းလာတာကြောင့် ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာတယ်” ဟု ဒေါ်အေးသက်ကပြောသည်။

လက်ရှိ မြန်အောင်မြို့နယ်၌ မွေးမြူသည့် တီလားဗီးယားများနှင့် သဘာဝအတိုင်း ဖမ်းယူရရှိသည့်တီလားဗီးယားများ ဈေးကွက်အတွင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း(RBF)ရန်ပုံငွေထုတ်ချေး

**ပင်လောင်း စက်တင်ဘာ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေထုတ်ချေးခြင်း အခမ်းအနားကို စက်တင်ဘာလ ၁၅ ရက်တွင် နန်းပုလင်းကျေးရွာအုပ်စု ထီလုံးကျေးရွာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်လှမောင်တို့က အမှာစကားများပြောကြားကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါချေးငွေများထုတ်ချေးရာတွင် စားသောက်ကုန်လုပ်ငန်းတစ်ခုလျှင် ငွေကျပ် ၇၅ သိန်းနှုန်းဖြင့် လုပ်ငန်းသုံးခုအတွက် ငွေကျပ် ၂၂၅ သိန်း၊ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုအတွက် ငွေကျပ် ၇၅ သိန်း စုစုပေါင်း ငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)လုပ်ငန်းအဖွဲ့သို့ ပေးအပ်သည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဝင်းနောင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာတို့က ဘန်းဘိန်ကျေးရွာ ကုန်ထုတ်လမ်း ဆောင်ရွက်ပြီးစီးမှုနှင့် စင်းတောင်းကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ရန်ကင်း**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်

**ကျိုက်လတ် စက်တင်ဘာ ၁၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှကြီးမှူး၍ ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေဝါလတ်ခန်းမ၌ မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၆) ကို စက်တင်ဘာလ ၁၄ ရက်က ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ဖျာပုံခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝင်းပပကျော်က မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ချက်များ၊ သတိပြုလိုက်နာဆောင်ရွက်ရန် အချက်များနှင့် သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရန်အချက်များကို စက်တင်ဘာလ ၁၄ ရက်မှ ၁၆ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **လှိုင်မင်းအောင်(ပြန်/ဆက်)**

# နောင်ကမြိုင်စံပြကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးမိုးစပါး ဧရိယာများအတွက် မျိုးစပါးနှင့်မြေသြဇာများချီးမြှင့်ပေးအပ်




**ဘားအံ စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေ မိသားစုဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းများထဲမှ တစ်ခုဖြစ်သော လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ဘားအံမြို့နယ် နောင်ကမြိုင် စံပြကျေးရွာ အင်းရေတွင်း သမိုင်းပြတိုက် အလုတစ်ရာခန်းမ၌ကျင်းပသည်။

အဆိုပါသင်တန်းကိုပထမအကြိမ်နှင့် ဒုတိယအကြိမ် နှစ်ကြိမ်ခွဲ၍ လူသုံးကုန်အမျိုးမျိုးထုတ်လုပ်သည့် နည်းပညာများကို သင်ကြားပို့ချပေးခဲ့ရာ သင်တန်းကာလအတွင်း လုပ်ငန်းအပေါ် စိတ်ပါဝင်စားသူ၊ လုပ်ငန်းထူထောင်လိုသူ၊ သင်ကြားမှုအပေါ် ထူးချွန်တတ်မြောက်သူ စသည့် သတ်မှတ်ချက်နှင့်ပြည့်စုံသည့် ထူးချွန်သင်တန်းသား၊ ကျောင်းသူငါးဦးကို ရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်ရန်အတွက် တစ်ဦးလျှင် ငွေကျပ် ၁၇ သိန်း ၄ သောင်းနှင့်ညီမျှသော လုပ်ငန်းသုံးပစ္စည်းများကို ရင်းနှီးမတည်ပေးသွားမည်ဖြစ်သည့်အတွက် နောင်ကမြိုင် စံပြကျေးရွာမှ လုပ်ငန်းရှင်ငါးဦး ပေါ်ထွက်လာမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကိုယ်တိုင် ထုတ်လုပ်ထားသည့် လူသုံးကုန်ပစ္စည်းများနှင့် အလုတစ်ရာခန်းမအောက်ထပ်တွင် လက်ရက်ကန်းစင် (၆)စင်ဖြင့် ကရင်ရိုးရာ အဝတ်အထည်များ ရက်လုပ်နေမှုတို့ကို ကြည့်ရှုအားပေး၍ တာဝန်ရှိသူများနှင့်အတူ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကရင်ပြည်နယ် အစိုးရအဖွဲ့က မျိုးစပါးနှင့်မြေသြဇာများ ချီးမြှင့်ပေးအပ်သည့်အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ကျင်းပပြီး ဩဂုတ်လ ဒုတိယပတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် သံလွင်မြစ်ရေမြင့်တက်မှုကြောင့် စိုက်ပျိုးပြီးမိုးစပါး ၂၈၅၃၀၆ ဧကအနက် ၉၂၁၉ ဧက ရေလွှမ်းခံခဲ့ရ၍ ရေပြန်ကျချိန်တွင် ဧက ၂၈၂၀ ထိခိုက်၍ ၁၃၈၇ ဧက ပျက်စီးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပျက်စီးသွားသည့် မိုးစပါး ၁၃၈၇ ဧကအတွက် တစ်ဧကလျှင်မျိုးစပါးတစ်တင်းနှုန်း၊ ယူရီးယားဓာတ်မြေသြဇာ ၄ ဧကလျှင် တစ်အိတ်နှုန်း၊ သဘာဝမြေသြဇာ ၃ ဧကလျှင် တစ်အိတ်နှုန်းတို့ဖြင့် စုစုပေါင်းမျိုးစပါး ၁၃၈၇ တင်း၊ ယူရီးယားဓာတ်မြေသြဇာ ၃၄၇ အိတ်၊ သဘာဝမြေသြဇာ ၄၆၂ အိတ်ကို အခမဲ့ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားမစတင်မီနှင့် အခမ်းအနားအပြီးတို့တွင် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား မြေယာပြုပြင်ခြင်းလုပ်ငန်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာအချိုးကျရောစပ်အသုံးပြုခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းနည်းနှင့် မျိုးကောင်းမျိုးသန့်အသုံးပြုခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# "ဝ" အထူးဒေသ မန်မန်းဆိုင်မြို့၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**ပန်ဆန်း စက်တင်ဘာ ၁၅**

ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း) "ဝ" အထူးဒေသ၊ ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနအောက်ရှိ မန်မန်းဆိုင်မြို့၌ ယမန်နေ့ နံနက်ပိုင်းက ပန်ဆန်းမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာန "ဝ" ကျန်းမာရေးဌာနနှင့် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခဲ့သည်။

ထို့ပြင် အသက်ငါးနှစ်အောက်ကလေး ၉၆ ဦးကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်း၊ ကလေး ၁၂၈ ဦးကို Vitamin A တိုက်ကျွေးပေးခြင်း၊ ဒေသခံပြည်သူ ၂၃၄ ဦးကို ကျန်းမာရေးအသိပညာပေးပြီး ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်း၊ အိပ်(ချ်)အိုင်ဗွီ၊ ကာလသားရောဂါ၊ အသည်းရောင်အသားဝါဘီ၊ စီ ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ ရှိ၊ မရှိ သွေးစစ်ဆေးပေးခြင်းနှင့် တီဘီရောဂါရှိ၊ မရှိ ဓာတ်မှန်ရိုက်စစ်ဆေး၍ လိုအပ်သောကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၃˚C |
| ရန်ကုန် | ၂၄˚C | / | ၃၃˚C |
| မန္တလေး | ၂၇˚C | / | ၃၇˚C |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

# မြစ်ကြီးနားမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၅**

ကချင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် ပုံပြင်ပြောပြိုင်ပွဲများ၊ ခါးကွင်းလှည့်ပြိုင်ပွဲ၊ စကားပုံဆက်၊ အရုပ်ဆက်၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ၊ စာဖတ်ရှိန်မြှင့်တင်ရေး ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်ငှားရမ်းပေးနေခြင်း၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးခြင်းတို့ဖြင့် စည်ကားစွာဆောင်ရွက်ခဲ့သည်။

ပွဲတော်ကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

ထို့အတူ မြစ်ကြီးနားမြို့ ငြိမ်းချမ်းသာယာရေကူးကန်၌ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားဆပ်ကော်မတီများပူးပေါင်းကျင်းပသည့် ရေကူးသင်တန်းဖွင့်ပွဲနှင့် ငြိမ်းချမ်းသာယာဘက်စုံသုံး သုံးထပ်အားကစားဆောင်၌ ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား အမျိုးသား၊ အမျိုးသမီး အလွတ်တန်းဖိတ်ခေါ် ကလပ်အသင်းပေါင်းစုံ ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲတာဝန်ရှိသူများထံ ချီးမြှင့်ငွေများပေးအပ်ကာ ပြိုင်ပွဲကျင်းပမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း သာယာကုန်း-ရေကျော်လမ်း ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကော့ကဒါ- ကော့မရိုး- တမံဦး ကျေးရွာချင်းဆက်လမ်း ၂ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ တောင်ဝိုင်းတောင်ပတ်လမ်း ၁ မိုင် ၄ ဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကရင်ပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိုးမိုးဝင်းနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လမ်းရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားသည်။

ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းတွင် ဝန်ထမ်းများ၊ သင်တန်းသားများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ သင်တန်းသားများ ဘာသာရပ်အလိုက် လက်တွေ့လေ့ကျင့်သင်ကြားနေမှုများနှင့် ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ သင်တန်းသူများအား တွေ့ဆုံမှာကြား၍ ချီးမြှင့်ငွေများပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိအဆင့်မြှင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းတွင် သင်တန်းသူများ လက်တွေ့သင်ကြားလေ့ကျင့်နေမှုများ၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်၊ သင်တန်းခန်းမများအား ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**မြဝတီ**

# "ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့"

## Global Action for A Cooler Planet

**ဒေါက်တာဆန်းဝင်းနှင့်အဖွဲ့**
**(ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)**

နေစကြာဝဠာအတွင်းရှိနေရောင်ခြည်စွမ်းအင်တွင်ပါဝင်နေသော ခရမ်းလွန်ရောင်ခြည်များသည် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိပြီး တိုက်ရိုက်ထိတွေ့ခံစားရပါက သက်ရှိများကို ဘေးဥပဒ်ဖြစ်စေနိုင်သည်။ သို့ရာတွင် နေရောင်ခြည်ဖြတ်သန်းရာလမ်းကြောင်း၌ လေထုဒုတိယအလွှာတွင် သဘာဝအလျောက်တည်ရှိသည့်အိုဇုန်းလွှာသည် ကမ္ဘာပေါ်ရှိသက်ရှိသတ္တဝါများရှင်သန်နေထိုင်နိုင်ရန် ကမ္ဘာ့လေထုရှိသဘာဝတံတိုင်းကြီးအဖြစ်တည်ရှိနေသည်။ အခြားတစ်ဖက်တွင်လည်း လူသားများဖန်တီးထုတ်လွှတ်သော အိုဇုန်းလွှာပျက်စီးစေသည့် ဓာတ်ငွေ့များကြောင့် သဘာဝတံတိုင်းကြီးသည် ပါးလွှာလာပြီး လူသားများ၏အရေပြားနှင့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများကို ဖြစ်စေရုံသာမက ကမ္ဘာကြီးပူနွေးမှုကိုပါ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးသည် လက်ရှိနှင့် အနာဂတ်မျိုးဆက်များ၏ ကျန်းမာသော ပတ်ဝန်းကျင်နှင့် အေးမြသောကမ္ဘာမြေကို ဖော်ဆောင်နိုင်ရေးအတွက် အားလုံးပါဝင်ဆောင်ရွက်ရမည့် တာဝန်ပင်ဖြစ်သည်။

**ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day)**

နှစ်စဉ် စက်တင်ဘာလ ၁၆ ရက်နေ့သည် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဖြစ်သည်။ အိုဇုန်းလွှာထိခိုက်ပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို အတည်ပြုခဲ့သည့် ၁၉၈၇ ခုနှစ်စက်တင်ဘာလ ၁၆ ရက်နေ့ကိုဂုဏ်ပြုသောအားဖြင့် ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ကျင်းပခဲ့သော ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၄၉)ကြိမ်မြောက် အစည်းအဝေးတွင် စက်တင်ဘာလ ၁၆ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ (International Ozone Day)အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၉၅ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အခမ်းအနားများနှင့် လှုပ်ရှားမှုများကိုပြုလုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှစ၍ အပြည်ပြည်ဆိုင်ရာအိုဇုန်းလွှာထိန်းသိမ်းရေးနေ့ကို ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့(World Ozone Day) အဖြစ် ပြောင်းလဲသတ်မှတ်၍ ကျင်းပခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ဆောင်ပုဒ်အဖြစ် "ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့" (Global Action for A Cooler Planet)ကို သတ်မှတ်ထားသည်။ ယခုနှစ်ဆောင်ပုဒ်သည် အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပဉ္စမမြောက်ပြင်ဆင်ချက်ဖြစ်သော ကီဂါလီပြင်ဆင်ချက်လက်ခံကျင့်သုံးခြင်း (၁၀)နှစ်မြောက်ခြင်း၊ အိုဇုန်းလွှာထိန်းသိမ်းရေးကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်း စသည့်အောင်မြင်မှုများကို ဂုဏ်ပြုထားသည်။ ၎င်းဆောင်ရွက်မှုများသည် တစ်ဦးတစ်ယောက်တည်းက ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးဆောင်ရွက်မှုဖြစ်သဖြင့် ပိုမိုအေးမြသော ကမ္ဘာကြီးကိုပိုင်ဆိုင်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော အစားထိုးအအေးပေးဒြပ်ပစ္စည်းများကို ပြောင်းလဲအသုံးပြုခြင်းဖြင့် ကမ္ဘာကြီးပူနွေးမှုကိုလျှော့ချနိုင်သည်။ အိုဇုန်းလွှာပျက်စီးမှုမရှိသော်လည်း ကမ္ဘာ့ပူနွေးမှုအလားအလာမြင့်မားသော အအေးပေးဒြပ်ပစ္စည်းများအသုံးပြုမှုကို သတ်မှတ်ကာလများအတွင်း အဆင့်ဆင့်လျှော့ချဆောင်ရွက်သွားရန်နှင့် စွမ်းအင်အသုံးပြုမှုအကျိုးရှိထိရောက်သောအအေးပေးစနစ်ဆိုင်ရာနည်းပညာများကို ပြောင်းလဲအသုံးပြုပြီး ရာသီဥတုပြောင်းလဲမှုလျှော့ချရန်အတွက် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းထားသည်။

**အိုဇုန်းဓာတ်ငွေ့**

အိုဇုန်းသည် လေထုအတွင်းတွင် သဘာဝအလျောက် တည်ရှိသည့် ဓာတ်ငွေ့ဖြစ်ပြီး အိုဇုန်းမော်လီကျူးတစ်ခုစီတွင် အောက်ဆီဂျင်အက်တမ်သုံးလုံးပါဝင်သောကြောင့် ဓာတုဗေဒအနေဖြင့် $O_3$ အဖြစ် သတ်မှတ်သည်။ အိုဇုန်းဟူသောစကားလုံးတွင် ဂရိစကားလုံးဖြင့် "အနံ့"ဟု အဓိပ္ပာယ်ရသည့် စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်ပြီး စူးရှသောအနံ့ရှိသည်။ အိုဇုန်းမော်လီကျူး (၉၀ ရာခိုင်နှုန်းခန့်)ကို ကမ္ဘာ့မျက်နှာပြင်အထက် ၁၀-၁၅ ကီလိုမီတာမှ ၅၀ ကီလိုမီတာအထိကျယ်ပြန့်သော စထရာတိုစဖီးယား(Stratosphere) အလွှာတွင် တွေ့ရှိရသည်။ ၎င်းအိုဇုန်းမော်လီကျူးများ အများဆုံးတည်ရှိသည့် ကမ္ဘာ့မျက်နှာပြင်အထက် အမြင့် ၁၅ ကီလိုမီတာမှ ၃၅ ကီလိုမီတာအကြားရှိ စထရာတိုစဖီးယား(Stratosphere) အလွှာရှိ လေထုကို "အိုဇုန်းလွှာ"ဟု ခေါ်ဆိုခြင်းဖြစ်သည်။

အိုဇုန်းလွှာသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံးကို နေမှလာသော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည် (UV Rays)များမှ ကာကွယ်ပေးသည့် သဘာဝဒိုင်းအလွှာတစ်ခုဖြစ်သည်။ အိုဇုန်းလွှာပျက်စီးယိုယွင်းလာပါက လူသားများတွင် အရေပြားကင်ဆာ၊ မျက်စိတိမ်စွဲခြင်းနှင့်ကိုယ်ခံအားစနစ်လျော့နည်းလာခြင်းတို့ဖြစ်ပေါ်နိုင်သည့်အပြင် ဂေဟစနစ်များနှင့် စိုက်ပျိုးရေးကဏ္ဍကိုပါ ပြင်းထန်စွာထိခိုက်စေနိုင်သည်။

**အိုဇုန်းလွှာပျက်စီးခြင်း (သို့) အိုဇုန်းလွှာအပေါက်**

အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများ အသုံးမပြုမီကပင် အိုဇုန်းလွှာရှိ ပုံမှန်အိုဇုန်းပါဝင်မှုပမာဏသည် ပင်လယ်ရေမျက်နှာပြင်အထက်တည်ရှိမှု၊ အမြင့်၊ တည်နေရာလတ္တီကျူ၊ ရာသီဥတု၊ လေကြောင်းပြောင်းလဲမှုနှင့် အခြားသဘာဝအချက်များအရ ကွဲပြားသည်။ အန္တာတိကတိုက်နေရာများစွာတွင် နွေဦးရာသီ၏ အိုဇုန်းပမာဏသည် ၁၉၇၀ ပြည့်လွန်နှစ်များ၏ အလယ်ပိုင်းမှစ၍ တဖြည်းဖြည်းကျဆင်းသွားကြောင်း သိပ္ပံပညာရှင်များက ၁၉၈၅ ခုနှစ်တွင် တွေ့ရှိခဲ့ကြသည်။ အိုဇုန်းလွှာ၏အထုသည် ပုံမှန် ၃၀၀ ဒေါ့ဘ်ဆန်ယူနစ်ရှိရမည့်အစား ၁၉၈၁-၁၉၈၂ ခုနှစ်တွင် ၂၂၀ ဒေါ့ဘ်ဆန်ယူနစ်အောက်သာရှိကြောင်းတွေ့ရှိရပြီး အန္တာတိကတိုက်အပေါ်ရှိ အိုဇုန်းလွှာပါးလွှာမှုကို ပထမဆုံးအိုဇုန်းအပေါက်ဟု သတိပြုမိခဲ့ကြသည်။

လေထုအတွင်း ကလိုရိုဖလူရိုကာဗွန် (CFCs)ပါဝင်မှု မြင့်မားလာခြင်းသည် အိုဇုန်းလွှာပျက်စီးစေသည့်အဓိကအချက်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်သတ်မှတ်ခဲ့ကြပြီး နာဆာမှ သိပ္ပံပညာရှင်များက ဂြိုဟ်တုအချက်အလက်များကိုအသုံးပြု၍ အန္တာတိကတိုက်၏နေရာအများစုကို ဖုံးလွှမ်းထားသော အိုဇုန်းလွှာပျက်စီးမှု (အိုဇုန်းအပေါက်)ကို အတည်ပြုခဲ့ကြသည်။ သိပ္ပံဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ကဏ္ဍအသီးသီးပါဝင်သည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများက ကမ္ဘာ့အိုဇုန်းလွှာပျက်စီးမှုကို ထိန်းသိမ်းကာကွယ်နိုင်ရန် ဗီယင်နာကွန်ဗင်းရှင်းနှင့် ကလိုရိုဖလူရိုကာဗွန်နှင့် အိုဇုန်းလွှာပျက်စီးစေသည့် အခြားဒြပ်ပစ္စည်းများ ထုတ်လုပ်သုံးစွဲခြင်းကို ထိန်းချုပ်ဆောင်ရွက်နိုင်ရန် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကို ပေါ်ပေါက်လာစေခဲ့သည်။

**အိုဇုန်းလွှာကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် ပြင်ဆင်ချက်များ**

အိုဇုန်းလွှာပျက်စီးမှု၏ အကျိုးဆက်များဖြစ်သည့် လူသားတို့၏ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများကိုထိန်းချုပ်ရန် ၁၉၈၅ ခုနှစ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံအချို့နှင့်ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်တို့ဦးဆောင်ပြီး အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာဗီယင်နာကွန်ဗင်းရှင်း (The Vienna Convention for the Protection of the Ozone layer)ကို ချမှတ်နိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်(The Montreal Protocol on Substances that Deplete the Ozone Layer)ကို ထပ်မံချုပ်ဆိုနိုင်ခဲ့သည်။

ဆက်လက်၍ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းအသစ်များကို ထပ်မံတွေ့ရှိလာရသည့်အတွက် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ ပြင်ဆင်ချက်များဖြစ်သည့် ၁၉၉၀ ပြည့်နှစ် လန်ဒန်ပြင်ဆင်ချက်(London Amendment)၊ ၁၉၉၂ ခုနှစ် ကိုပင်ဟေဂင်ပြင်ဆင်ချက် (Copenhagen Amendment)၊ ၁၉၉၇ ခုနှစ် မွန်ထရီရယ်ပြင်ဆင်ချက် (Montreal Amendment)၊ ၁၉၉၉ ခုနှစ် ပေကျင်းပြင်ဆင်ချက်(Beijing Amendment)နှင့် ၂၀၁၆ ခုနှစ် ကီဂါလီပြင်ဆင်ချက် (Kigali Amendment)ဟူ၍ ငါးကြိမ်တိုင်တိုင် ထပ်မံပြင်ဆင်ကာ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများထုတ်လုပ်မှုနှင့် သုံးစွဲမှုများကို ကန့်သတ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။

မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများအဖြစ် ကလိုရိုဖလူရိုကာဗွန်နှင့် ဟေလွန်အမျိုးအစား ဒြပ်ပစ္စည်းရှစ်မျိုးတို့ကို စတင်ထိန်းချုပ်၍ သုံးစွဲမှုကို အဆင့်ဆင့်လျှော့ချရပ်ဆိုင်းနိုင်ခဲ့ပြီး ကီဂါလီပြင်ဆင်ချက်အရ ကမ္ဘာ့ပူနွေးမှုကို အလားအလာရှိသော ဟိုက်ဒရိုဖလူရိုကာဗွန်(HFCs)ဒြပ်ပစ္စည်းများ လျှော့ချရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ အောင်မြင်မှုများ**

အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၈ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီး ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာသဘောတူညီချက်များအနက် ကမ္ဘာ့နိုင်ငံအားလုံးက အတည်ပြုလက်မှတ်ရေးထိုးထားသော ပထမဆုံးနိုင်ငံတကာပတ်ဝန်းကျင်ဆိုင်ရာသဘောတူညီချက်တစ်ခုဖြစ်သည်။ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ အဓိကအောင်မြင်မှုမှာ အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဖြစ်သည့် ကလိုရိုဖလူရိုကာဗွန်များ၊ ဟေလွန်၊ ကာဗွန်တက်ထရာကလိုရိုက်နှင့် မီသိန်းကလိုရိုဖောင်းတို့၏ထုတ်လုပ်မှုနှင့် သုံးစွဲမှုကို အဆင့်ဆင့် ရပ်တန့်နိုင်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၉ ခုနှစ်အကုန်တွင် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်က ထိန်းချုပ်ထားသော အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းများ၏ ထုတ်လုပ်မှုနှင့်သုံးစွဲမှုကို ၉၈ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ခဲ့ခြင်းသည် ဤစာချုပ်၏အောင်မြင်မှုကို ဖော်ပြသည့် အဓိကညွှန်းကိန်းတစ်ခုဖြစ်သည်။

အိုဇုန်းလွှာပြန်လည်ကောင်းမွန်လာခြင်းသည်လည်း မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ အရေးပါဆုံးအောင်မြင်မှုတစ်ရပ်ဖြစ်သည်။ သိပ္ပံနည်းကျလေ့လာစောင့်ကြည့်မှုများအရ အဓိကအိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ၏လေထုအတွင်းပါဝင်မှုသည် သိသိသာသာလျော့ကျလာပြီး အိုဇုန်းလွှာသည် ပြန်လည်ကောင်းမွန်လာသည့်လက္ခဏာများကိုပြသနေသည်။ လက်ရှိနိုင်ငံတကာမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်နိုင်ပါက

**စာမျက်နှာ ၁၃ သို့ ➤**



➤ စာမျက်နှာ ၁၂ မှအဆက်

အိုဇုန်းလွှာသည် ကမ္ဘာလုံးဆိုင်ရာအနေဖြင့် ၁၉၈၀ ပြည့်နှစ်အဆင့်သို့ ၂၀၄၀ ဝန်းကျင်တွင် ပြန်လည်ရောက်ရှိနိုင်ပြီး အာတိတ်ဒေသနှင့် အန္တာတိကဒေသတို့တွင်မူ ထိုထက်ပိုမိုကြာမြင့်နိုင်မည်ဟု ခန့်မှန်းထားသည်။

မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်၏ အကျိုးကျေးဇူးများသည် အိုဇုန်းလွှာထိန်းသိမ်းရေးတစ်ခုတည်းတွင်သာမကန့်သတ်ဘဲ ကျန်းမာရေးအတွက်လည်း အလွန်အရေးပါသောအကျိုးကျေးဇူးများဖြစ်ပေါ်စေခဲ့သည်။ အိုဇုန်းလွှာပျက်စီးမှုကို လျှော့ချနိုင်ခြင်းကြောင့် ကမ္ဘာ့မျက်နှာပြင်သို့ ရောက်ရှိမည့် ခရမ်းလွန်ရောင်ခြည်(UV-B)ပမာဏကို လျှော့ချနိုင်ပြီး အရေပြားရောဂါများနှင့် မျက်စိတိမ်ဖြစ်ပွားနိုင်ခြေများကို ရေရှည်တွင်လျှော့ချနိုင်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ(EPA)၏ခန့်မှန်းချက်များအရ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ကြောင့် အနာဂတ်တွင် လူသားကျန်းမာရေးအတွက် အလွန်ကြီးမားသောအကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

ထို့ပြင် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်သည် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးအတွက်လည်း အရေးပါသောပံ့ပိုးမှုပြုလုပ်ခဲ့သည်။ ကလိုရိုဖလူရိုကာဗွန်များနှင့် အခြားအိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများသည် အိုဇုန်းလွှာကိုပျက်စီးစေရုံသာမက ကမ္ဘာ့ပူနွေးမှုကိုဖြစ်စေသော အားကောင်းသည့် မှန်လုံအိမ်ဓာတ်ငွေ့များဖြစ်ကြသည်။ ထို့ကြောင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများကို အဆင့်ဆင့် ရပ်တန့်နိုင်ခဲ့ခြင်းသည် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချခြင်းဖြစ်သည်။ ထိုအချက်ကြောင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်သည် ကမ္ဘာ့ပူနွေးမှုလျှော့ချရေးတွင် အောင်မြင်သော နိုင်ငံတကာသဘောတူညီချက်တစ်ခုအဖြစ်လည်း သတ်မှတ်နိုင်သည်။

သို့သော်ရာသီဥတုပြောင်းလဲမှုကြောင့် အအေးပေးစနစ်များ၏ လိုအပ်ချက်တိုးလာခြင်း၊ ကမ္ဘာ့ပူနွေးမှုအလားအလာနည်းပါးသော အအေးပေးပစ္စည်းများသို့ ပြောင်းလဲရာတွင် နည်းပညာနှင့်ငွေကြေးအခက်အခဲများ၊ တရားမဝင်အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများကုန်သွယ်မှုများနှင့် စောင့်ကြပ်ကြည့်ရှုမှုဆိုင်ရာစိန်ခေါ်မှုများကို ဆက်လက်ဖြေရှင်းရန် လိုအပ်သည်။ ထို့ကြောင့် မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့်ကီဂါလီပြင်ဆင်ချက်တို့ကို ထိရောက်စွာအကောင်အထည်ဖော်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ္ဍာရေးနှင့် နည်းပညာပံ့ပိုးမှုများ တိုးမြှင့်ခြင်း၊ စွမ်းအင်အကျိုးရှိထိရောက်ပြီး ရာသီဥတုနှင့်လိုက်လျောညီထွေသော အအေးပေးနည်းပညာများကိုတွင်ကျယ်စွာအသုံးပြုခြင်းတို့သည်အနာဂတ်အိုဇုန်းလွှာထိန်းသိမ်းရေးအတွက် အဓိကကျမည်ဖြစ်သည်။

❒ **အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများသုံးစွဲမှုလျှော့ချထိန်းချုပ်ခြင်းကို အရှိန်အဟုန်မပျက်ဆောင်ရွက်ခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဝေးတော့သည့်အနာဂတ်တွင် အိုဇုန်းလွှာ၏အကာအကွယ်ကို ကောင်းစွာရရှိနိုင်မည်ဖြစ် . . .**

❒ **အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြရန်လိုအပ် . . .**

**မြန်မာနိုင်ငံမှ အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာပူးပေါင်းပါဝင်ဆောင်ရွက်မှု**

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများ အသုံးပြုမှုထိန်းချုပ်ခြင်းဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်နှင့်နောက်ဆက်တွဲပြင်ဆင်ချက်များအရ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs/R22)ဒြပ်ပစ္စည်းများ ပြည်တွင်းသို့တင်သွင်းအသုံးပြုခြင်းအား ၂၀၃၀ ပြည့်နှစ်တွင် အပြီးသတ်နီးပါးလျှော့ချ၍ ၁ ဒသမ ၉၅ မက်ထရစ်တန်ကိုသာ ခွင့်ပြုတော့မည်ဖြစ်ပြီး ၂၀၄၀ ပြည့်နှစ်တွင် အပြီးသတ်ရပ်ဆိုင်းနိုင်ရန် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလုပ်ကိုင်ခြင်းအမိန့်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ၂၀၂၄ ခုနှစ် ဧပြီလ ၂၅ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပြီး ဒြပ်ပစ္စည်းများတင်သွင်းခြင်းကို နှစ်စဉ်ခွဲတမ်းစနစ်၊ လိုင်စင်စနစ်တို့ဖြင့် ကန့်သတ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။

ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs/R22)အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ နှင့်အောက် အင်အားရှိ လေအေးပေးစက်များ ပြည်တွင်းသို့ တင်သွင်းမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ တားမြစ်သည့်အမိန့်ကို ၂၀၂၀ ပြည့်နှစ် ဧပြီ ၂ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၈/၂၀၂၀ ဖြင့် ထုတ်ပြန်ခဲ့သည်။

အိုဇုန်းလွှာထိခိုက်ပျက်စီးမှုကိုထိန်းချုပ်ကာကွယ်နိုင်ရန် အိုဇုန်းလွှာပျက်စီးစေသောအဓိကဒြပ်ပစ္စည်းဖြစ်သည့် HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)အသုံးပြုသည့်မြင်းကောင်ရေ ၂ ဒသမ ၅ (21000 BTU/hr)နှင့် အထက် စွမ်းအား(Capacity)ရှိသည့် လေအေးပေးစက်နှင့်အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ(Commercial Refrigerator)၊ အေးခဲသိုလှောင်ခန်းများ(Cold Storage)၊ အေးခဲစက်များ(Chiller)ပြည်တွင်းသို့တင်သွင်းမှုကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှစ၍ တားမြစ်သည့်အမိန့်ကြော်ငြာစာကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၁/၂၀၂၄ ဖြင့် ထုတ်ပြန်ခဲ့သည်။ အမိန့်ကြော်ငြာစာအရ HCFC-22/R-22 အပါအဝင် ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)အသုံးပြုသည့် မြင်းကောင်ရေ ၂ ဒသမ ၅ (21000 BTU/hr)နှင့်အထက် စွမ်းအား(Capacity) ရှိသည့် လေအေးပေးစက်နှင့် အကြီးစားစက်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးရေခဲသေတ္တာများ၊ အေးခဲသိုလှောင်ခန်းများ၊ အေးခဲစက်များ ပြည်တွင်းသို့တင်သွင်းမှုတို့အား ကန့်သတ်ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံသည် အိုဇုန်းလွှာပျက်စီးစေသောဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ပြင်ဆင်ချက်ဖြစ်သည့် ကီဂါလီပြင်ဆင်ချက်တွင် အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် အတည်ပြုစာလွှာကို အိုဇုန်းအတွင်းရေးမှူးရုံးသို့ ပေးပို့ထားရှိပြီးဖြစ်သည်။

**အိုဇုန်းလွှာထိန်းသိမ်းခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကိုကာကွယ်ရန်နည်းလမ်းများ**

ကမ္ဘာတစ်ဝန်းမှ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များသည် အိုဇုန်းလွှာ၏ ဖြစ်ပေါ်တိုးတက်မှုများကို ဆက်လက်ကြည့်ရှုဆောင်ရွက်လျက်ရှိသည်။ သိပ္ပံပညာရှင်များနှင့် သုတေသနပညာရှင်များက ကမ္ဘာမြေနှင့်သဟဇာတဖြစ်စေမည့် ထုတ်ကုန်ပစ္စည်းများအတွက် သုတေသနပြုဖန်တီးနေစဉ်အတွင်း ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာထိခိုက်မှုမရှိသည့် သဟဇာတဖြစ်သော ထုတ်ကုန်ပစ္စည်းများကို ဝယ်ယူခြင်းကဲ့သို့သော မိမိဆောင်ရွက်နိုင်မည့် ကိစ္စများအားလုံးကို ဆောင်ရွက်ရမည်ဖြစ်သည်။

ရေခဲသေတ္တာနှင့် လေအေးပေးစက်များတွင် အဓိကအသုံးပြုသည့်ဒြပ်ပစ္စည်းများမှာ ကလိုရိုဖလူရိုကာဗွန်(CFCs)များဖြစ်ပြီး ၎င်းကို မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ အပြီးသတ်တားမြစ်ခဲ့ပြီးဖြစ်၍ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန်(HCFCs)နှင့် ဟိုက်ဒရိုဖလူရိုကာဗွန်(HFCs)တို့ကို အစားထိုးသုံးစွဲခဲ့ကြသည်။ ကီဂါလီပြင်ဆင်ချက်အရ ကမ္ဘာ့ပူနွေးမှုအလားအလာနည်းပါးသည့် ဟိုက်ဒရိုဖလူရိုကာဗွန်(HFCs) သို့မဟုတ် အစားထိုးအအေးပေးပစ္စည်းများကို အသုံးပြုရမည်ဖြစ်သည်။ ထို့သို့ အအေးပေးဒြပ်ပစ္စည်းအသစ်များပါဝင်သည့် ရေခဲသေတ္တာနှင့် လေအေးပေးစက်များကို သုံးစွဲခြင်းဖြင့် စွမ်းအင်ကိုပါ ပိုမိုထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်သည်။ ပန်းနာရင်ကျပ်ရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများအတွက်အသုံးပြုသည့် ကလိုရိုဖလူရိုကာဗွန်ပါဝင်သည့် ရှူဆေးဘူးများကို အစားထိုးရန်မှာ ကြီးမားသောစိန်ခေါ်မှုဖြစ်သော်လည်း ယခုအခါ ကလိုရိုဖလူရိုကာဗွန်ပါဝင်ခြင်းမရှိသည့်သက်သောင့်သက်သာဖြစ်သော အစားထိုးကုသမှုများကို ကမ္ဘာ့အနှံ့ရယူနိုင်ပြီဖြစ်၍ ကလိုရိုဖလူရိုကာဗွန်များ မပါဝင်သောပစ္စည်းများကို ဝယ်ယူအသုံးပြုရန် လိုအပ်သည်။

မီးသတ်ဆေးဘူးများတွင် အသုံးပြုသည့်ဟေလွန်ဒြပ်ပစ္စည်းမှာ အိုဇုန်းလွှာပျက်စီးစေသည့်အဓိကပစ္စည်းဖြစ်သောကြောင့် ၂၀၁၀ ပြည့်နှစ်တွင် ရပ်ဆိုင်းပြီးဖြစ်သော်လည်း အချို့နေရာများတွင် ၂၀၁၀ ပြည့်နှစ်မတိုင်မီက ထုတ်လုပ်ခဲ့သည့်ပစ္စည်းများကို အသုံးပြုနေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ ဟေလွန်မပါဝင်သည့် မီးသတ်ဆေးဘူးများကို ရွေးချယ်အသုံးပြုရန်လိုအပ်သည်။ သီးနှံထုတ်ကုန်များ သင်္ဘောမတင်မီ ပိုးသတ်ခြင်းနှင့် သိုလှောင်ခြင်းတို့တွင် အိုဇုန်းလွှာပျက်စီးစေသည့် ဒြပ်ပစ္စည်းဖြစ်သော မီသိုင်းဘရိုမိုဒ်ကိုအသုံးပြုလေ့ရှိသည်။ မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်အရ ပိုးမွှားများကိုထိန်းချုပ်နိုင်ရန် မီသိုင်းဘရိုမိုဒ် အစားထိုးနည်းပညာများရှိပြီးဖြစ်သော်လည်း ခြွင်းချက်များဖြင့် QPS သင်္ဘောမတင်မီ ပိုးသတ်ခြင်း၊ မှိုင်းတိုက်ခြင်းလုပ်ငန်းများတွင် အသုံးပြုနေဆဲဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် အိုဇုန်းလွှာပျက်စီးစေသည့်ဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချထိန်းချုပ်ခြင်းကို အရှိန်အဟုန်မပျက်ဆောင်ရွက်ခြင်းဖြင့် အိုဇုန်းလွှာပျက်စီးမှုကို ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မဝေးတော့သည့်အနာဂတ်တွင်အိုဇုန်းလွှာ၏အကာအကွယ်ကို ကောင်းစွာရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ရေခဲသေတ္တာ၊ လေအေးပေးစက်ကဲ့သို့သော အိမ်သုံးပစ္စည်းအသစ်များကို ဝယ်ယူသည့်အခါ **၎င်းတွင် "အိုဇုန်းကို အန္တရာယ်မပြုသော" "ozone friendly" (သို့) HCFC ကင်းလွတ် "HCFC free" (သို့) စွမ်းအင်ချွေတာမှု စသည့်အမှတ်အသားများ ပါ၊ မပါ ကြည့်ရှုပြီး ဝယ်ယူရန်လိုအပ်သည်။** သို့ဖြစ်ပါ၍ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့်လည်း မိမိတို့တတ်နိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ယခုနှစ်၏ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် **"ကမ္ဘာ့မြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်ကြစို့"**နှင့်အတူ ထပ်မံအသိပေးနှိုးဆော်လိုက်ရပါသည်။ ။

## ကျောက်တံခါးမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောက်တံခါး စက်တင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ကွင်းနောက်ရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်စာအုပ်စာစောင်ပြပွဲကို စက်တင်ဘာလ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။


ရှေးဦးစွာ ကွင်းနောက်ရပ်ကွက် အခြေခံပညာ မူလတန်းလွန်ကျောင်းမှကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှရီက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းက ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ လူငယ်များသိသင့်သိထိုက်သည့် လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်အကျင့်စာရိတ္တ၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် စသည့်အကြောင်းအရာများကို ကျောင်းသား၊ ကျောင်းသူများသိရှိနိုင်စေရန် ဟောပြောဆွေးနွေးသည်။

ထို့နောက် ဟောပြောပွဲသို့ တက်ရောက်လာကြသည့်ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုကြကြောင်း သိရသည်။

မျိုးမင်း(ပြန်/ဆက်)



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပန်ကြပ်ဆီလပ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပန်ကြပ်ဆီလပ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်သူ နှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ တို့က အမှာစကားပြောကြား၍ ပြိုင်ပွဲအား ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားများက အားကစား သစ္စာအဓိဋ္ဌာန်(၄)ချက် ရွတ်ဆိုကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ဘင်ခရာ နှင့်ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီး ဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး မှအုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

# အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များဆောင်ရွက်ပေး



**ပဲခူး စက်တင်ဘာ ၁၅**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားဝန်ကြီးဌာန ပဲခူးမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့နယ် ကျောက်တန်းကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံတော် အစိုးရ၏ ရက် ၁၀၀ အလွန် လမင်း စီမံချက်ဖြင့် အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက် ပေးကြသည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာ သို့ ပဲခူးမြို့နယ်ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းခန့်ကျော်၊ ပဲခူးခရိုင်ဦးစီးမှူးရုံး လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင် ဦးနှင့် ပဲခူးမြို့နယ်ဦးစီးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဦးခင်မောင်တို့က လိုက်လံ ကြည့်ရှုအားပေးပြီး အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူ ၁၈၀ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်ပြားနှင့် UID ကတ်များ ပြုလုပ်ပေးအပ်ခဲ့ကြောင်း သိရ သည်။

(၄၁၀)

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၆-၉-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၂၅ | ၃၉၈၀ | ၃၉၃၀ | ၃၈၄၀ | ၃၉၈၀ | ၃၉၉၅ | ၄၀၃၀ | ၃၉၁၀ | ၄၂၈၀ | ၄၃၀၅ | ၃၉၃၀ | ၄၀၅၅ | ၄၀၂၀ | ၃၉၈၀ | ၃၉၉၀ | ၄၂၂၀ |
| 95 Ron | ၃၉၅၀ | ၄၁၀၅ | ၄၀၅၅ | ၃၉၆၅ | ၄၁၁၀ | ၄၁၂၅ | ၄၁၅၅ | ၄၀၃၅ | ၄၄၀၅ | ၄၄၃၅ | ၄၀၅၅ | ၄၁၉၀ | ၄၁၄၅ | ၄၁၀၅ | ၄၁၁၅ | ၄၃၄၅ |
| HSD (500 ppm) | ၄၁၅၀ | ၄၃၀၀ | ၄၂၅၅ | ၄၁၆၅ | ၄၃၀၅ | ၄၃၂၀ | ၄၃၅၀ | ၄၂၃၅ | - | ၄၆၁၅ | ၄၂၅၅ | ၄၇၅၀ | ၄၃၄၀ | ၄၃၀၀ | ၄၃၁၀ | ၄၅၃၀ |
| HSD (50 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | ၅၅၀၅ | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |
| HSD (10 ppm) | ၅၀၅၀ | ၅၂၀၅ | ၅၁၅၅ | ၅၀၆၅ | ၅၂၁၀ | ၅၂၂၅ | ၅၂၆၀ | ၅၁၃၅ | | ၅၅၃၅ | ၅၁၅၅ | ၅၂၇၀ | ၅၂၅၀ | ၅၂၀၅ | ၅၂၁၅ | ၅၄၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၂၃ | ၃၇၂၉ |
| 95 Ron | ၃၇၄၄ | ၃၈၅၃ |
| HSD (500 ppm) | ၃၉၅၄ | ၄၀၆၄ |
| HSD (50 ppm) | ၄၈၁၃ | ၄၉၄၀ |
| HSD (10 ppm) | ၄၈၁၃ | ၄၉၄၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|
| (၁) ဒေါ်အေးသီတာမျိုး | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) ဦးသက်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာ ဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၃) ဦးလှိုင်ဝင်းမောင် | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန<br>ယဉ်ကျေးမှုဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန |

# လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်း ဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၅**

ပိုးသတ်ဆေးဥပဒေနှင့်ပတ်သက်သည့်ကိစ္စရပ်များကို သေချာစွာ သဘောပေါက်လိုက်နာလာစေရန်၊ အရည်အသွေးပြည့်မီသော ပိုးသတ်ဆေးများကို တောင်သူများစနစ်တကျသုံးစွဲလာခြင်းဖြင့် အထွက်နှုန်းတိုးကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်ရည်ရွယ်ဖွင့်လှစ်ပေးသည့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများသင်တန်း အမှတ်စဉ်(၁၁/၂၀၂၆) သင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင်



နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ သုခစိုးဟိုတယ်၌ ကျင်းပသည်။

ပိုးသတ်ဆေးနှင့် ပိုးသတ်ဆေး ခတ်ကြွင်းအန္တရာယ်ကို သိရှိနားလည်ပြီး စနစ်တကျကိုင်တွယ်သုံးစွဲတတ်စေရန်၊ ဘေးကင်းလုံခြုံစိတ်ချရသော စားသုံးသီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိစေဘဲ ရေရှည်တည်တံ့သောစိုက်ပျိုးထုတ်လုပ်မှုဖြစ်စေရန် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ နှစ်စဉ် ဖွင့်လှစ်ပေးလျက်ရှိရာ ၁၉၉၃ ခုနှစ်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလအထိ သင်တန်းပေါင်း ၂၄၆ ကြိမ်တွင် သင်တန်းသားစုစုပေါင်း ၃၂၈၇၇ ဦးကို သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်း က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဂုဏ်ပြုအမှာစကားပြောကြားသည်။ စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ သုံးရက်ကြာပို့ချပေးမည့် အဆိုပါသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၁၂ ဦး တက်ရောက်လေ့လာလျက်ရှိကြောင်း သိရ သည်။

မြဝတီ

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ








ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဥတ္တရသီရိမြို့နယ်၊ တပ်ကုန်းမြို့ရှိ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (MRTV)နှင့် ဇမ္ဗူသီရိမြို့နယ်ရှိအမှတ် (၆)အခြေခံပညာအထက်တန်းကျောင်းတို့မှကျောင်းသား၊ကျောင်းသူများနှင့်ဆရာ၊ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက် လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့်တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကိုလေ့လာခဲ့ကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးကြသည်။





ထို့နောက် ယနေ့လေ့လာမှတ်သားခဲ့သည့်ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့်အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့်စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။

လေ့လာရေး လာရောက်ခဲ့ကြသည့်ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ရင်တွင်းစကားသံများကိုလည်း အခုလိုပဲ ကြားသိခဲ့ရပါတယ် -

"တပ်မတော် စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာရတဲ့အခါမှာ ကျောင်းသားတွေရဲ့ သင်ခန်းစာတွေက စာတွေ့ပဲ ဖြစ်နေရာကနေ အခုလက်တွေ့သမိုင်းထဲက ပုဂ္ဂိုလ်တွေအကြောင်း၊ လက်နက်တွေ၊ တိုက်ပွဲဝင်ခဲ့တဲ့ ခုနှစ်သက္ကရာဇ်တွေ၊ သူ့ရဲ့ကောင်းတွေ၊ အာဇာနည်တွေအကြောင်းကို သိရတဲ့အခါမှာ စာတွေ့နဲ့ လက်တွေ့တွဲပြီးတော့ သိရတဲ့အတွက် သင်ကြားမှုမှာ အထောက်အကူ အများကြီးဖြစ်ပါတယ်၊ တပ်မတော်စစ်သမိုင်းပြတိုက်ကိုလာရောက်လေ့လာရတဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့လည်း အများကြီးအကျိုးရှိသလို ဆရာ၊ ဆရာမတွေအတွက်လည်း သင်ကြားမှုမှာအထောက်အကူဖြစ်စေပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့စီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်"ဟုပြောသည်။

"သမီးကတော့ တပ်ကုန်းမြို့ အခြေခံပညာ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအထက်တန်းကျောင်း (MRTV)မှာ ပညာသင်ကြားနေပါတယ်၊သမီးတို့ဒီကိုလာရောက်လေ့လာရတဲ့အတွက် တပ်မတော်ရဲ့သမိုင်းကြောင်းတွေကိုလည်း အများကြီးသိရှိရပါတယ်၊ဗဟုသုတတွေလည်း အများကြီးရပါတယ်။ သမီးတို့ ပြင်ပမှာမသိခဲ့ရတဲ့အရာမှန်သမျှကိုလည်း ဒီထဲမှာသိရတဲ့အတွက် အများကြီးဗဟုသုတရပါတယ်။ သမီးတို့ ပထမဆုံးစလာတဲ့အခါမှာဆိုရင် တပ်မတော်လေတပ်ကနေစတင်ပြီးတော့ လေ့လာခဲ့ပါတယ်။ အဲ့ဒီမှာဆိုရင် တပ်မတော်မှာ အရင်ကတည်းကအသုံးပြုခဲ့တဲ့ လေယာဉ်တွေ၊ သူ့ရဲ့ကောင်းတွေကို သိရှိခဲ့ရပါတယ်။ နောက်ပြီးတော့ တပ်မတော်(ရေ)ဘက်ကိုလာတော့လည်း တပ်မတော် (ရေ)မှာအသုံးပြုခဲ့တဲ့သင်္ဘောတွေနဲ့ တပ်မတော်ရေတပ်က ရေသူရဲကောင်းတွေကိုလည်း သိရှိခဲ့ရပါတယ်။ တပ်မတော်(ကြည်း)ဘက်ကို လေ့လာခဲ့တဲ့အခါမှာဆိုရင်လည်း တပ်မတော်(ကြည်း)ဘက်က အကြီးအကဲတွေနဲ့ တပ်မတော်(ကြည်း)ဘက်က စစ်သမိုင်းကြောင်းတွေ အဲ့မှာရှိခဲ့တဲ့ ထူးချွန်တဲ့သူတွေရဲ့ဘွဲ့တံဆိပ်အကုန်လုံးကို သိရှိခဲ့ရပါတယ်။ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာဖို့အတွက် အဘက်ဘက်ကနေကူညီပေးခဲ့တဲ့ လူကြီးတွေအကုန်လုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟုပြောကြားခဲ့ကြောင်းသိရသည်။

(၁၀၀)

# လှည်းကူးမြို့နယ်အတွင်း တီဘီရောဂါတိုက်ဖျက်ရေးကွင်းဆင်းဆောင်ရွက်



**လှည်းကူး စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာ၌ တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို ယမန်နေ့မွန်းလွဲပိုင်းက ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လှည်းကူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးအမျိုးသားတီဘီတိုက်ဖျက်ရေးဌာနမှ ဒေါက်တာရဲမြင့်ထွန်းဦးဆောင်သောအဖွဲ့၊ လှည်းကူးမြို့နယ် တီဘီရောဂါတိုက်ဖျက်ရေးဌာန ကျွန်းကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ကျွန်းကလေးကျေးရွာ လယ်ပေါ်ကျောင်းတွင် ဓာတ်မှန်ရိုက်ခြင်း၊ တီဘီရောဂါရှာဖွေခြင်း၊ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လာရောက်ပြသသူ ၁၄၆ ဦး၊ တီဘီရောဂါတွေ့ရှိသူ ရှစ်ဦး၊ သလိပ်စစ်ဆေးသူ ၁၂ ဦး ရှိပြီး ကုသပေးကြောင်း သိရသည်။

(၆၀၄)

★ ရှေ့ဖုံးမှအဆက်

## နိုင်ငံတကာ ပြည်ပခရီးစဉ်များ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်အတုယူသင့်သည်များကို အတုယူ၍ အကောင်အထည်ဖော်ဆောင်သွားကြရန်

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မကြာမီရက်များအတွင်းက ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သို့ နိုင်ငံတော်အဆင့် တရားဝင်ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံနှင့် သက်ဝင်ယုံကြည်မှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းများ တူညီမှုရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင်လည်း အခက်အခဲများစွာကို ကြုံတွေ့ကျော်ဖြတ်ခဲ့ကြရကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် စစ်ပွဲဒဏ်နှင့် အရေးယူပိတ်ဆို့ကန့်သတ်မှုများကို ဆယ်စုနှစ်ပေါင်းများစွာ ကြုံတွေ့ခဲ့ရသည့်ကြားမှ ဒွိုင်မွိုင်း (Doi Moi) စီးပွားရေးပြုပြင်ပြောင်းလဲမှု မူဝါဒကို နှစ်ပေါင်း ၄၀ ခန့် အကောင်အထည်ဖော်ပြီးနောက် စီးပွားရေးနှင့်ပတ်သက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့မြင်ရကြောင်း၊ ၎င်းတို့အနေဖြင့် မဟာဗျူဟာမြောက် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်(၂)ရပ်ကို ချမှတ်ထားရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် ခေတ်မီစက်မှုလုပ်ငန်းများနှင့် အထက်တန်း-အလယ်အလတ်ဝင်ငွေရှိသော ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်လာစေရန်နှင့် ၂၀၄၅ ခုနှစ်တွင် ဝင်ငွေမြင့်မားသော ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာစေရန် ရည်မှန်းထားဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

ဗီယက်နမ်ပြည်သူများအနေဖြင့် အခက်အခဲများ၊ ပိတ်ဆို့မှုများကြားမှ နိုင်ငံချစ်စိတ်၊ အမျိုးကိုမြှင့်တင်လိုစိတ်များဖြင့် အမှန်တကယ်ကြိုးပမ်းအားထုတ်အလုပ်လုပ်ခဲ့မှုများကြောင့် တိုးတက်ပြောင်းလဲမှုများ စဉ်ဆက်မပြတ်ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်သည်ကို မိမိတို့အနေဖြင့် အတုယူဖွယ် တွေ့မြင်ခဲ့ရကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့် ကြိုးစားအားထုတ်မှုရှိခြင်းတို့သည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေသည်ကို တွေ့မြင်ရကြောင်း၊ ယခုမိမိသွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံရေးကို လက်တွေ့ကျကျ ဖွံ့ဖြိုးတိုးတက်လာနိုင်မည့် ဆွေးနွေးမှုရလဒ်ကောင်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံသည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကိုအဓိကထားပြီး နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

**❖ ခရီးစဉ်များသွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိက အကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံးလုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ် . . .**

**❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**❖ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်းရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန်လို၊ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကိုထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန်ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ် . . .**

**❖ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဖဟိုပြုသည့် ပညာရေးစနစ်ကိုကျင့်သုံးလျက်ရှိ၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီဆောင်ရွက်လျက်ရှိ. . .**

**❖ အောင်ချက်ရာခိုင်နှုန်းနှင့်အောင်ချက်မြင့်မားရေးကိုသာ အာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်စာတတ်မြောက်ရေးကို အလေးထား သင်ကြားပေးရန်လို . . .**

**❖ ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် သင်ကြားသင်ယူရန်လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏အသက်အရွယ်နှင့်ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာနေရန်လို . . .**

ဗီယက်နမ်နိုင်ငံကဲ့သို့ ကမ္ဘောဒီးယားနိုင်ငံသည်လည်း အခက်အခဲပေါင်းများစွာကြားမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအားထုတ်ခဲ့ရပြီး ယခုအခါဖွံ့ဖြိုးတိုးတက်လာသည်ကိုတွေ့ရှိရကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ နိုင်ငံစီးပွားရေးကိုဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်ပြီး စပါးစိုက်ပျိုး၍ ပြည်ပသို့တင်ပို့လျက်ရှိသကဲ့သို့ ငရုတ်ကောင်းနှင့် သီဟိုဠ်စေ့များကိုလည်း စီးပွားဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယခုအခါကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ကိုလေ့လာတွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သမိုင်းဝင် UNESCO စာရင်းဝင် အန်ကောရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အန်ကောဝပ်ဘုရားကျောင်းတော်နှင့် ဘေရွန်ဘုရားကျောင်းတော်သို့လည်း သွားရောက်လေ့လာကြည့်ရှုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ရှေးဟောင်းသမိုင်းဝင်နေရာများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ပြည်ပခရီးသွားများကိုဆွဲဆောင်နိုင်သဖြင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းအတွက် များစွာအကျိုးဖြစ်ထွန်းပြီး နိုင်ငံခြားဝင်ငွေရရှိအောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိခဲ့ရကြောင်း။

ခရီးစဉ်များ သွားရောက်ခဲ့စဉ် ဖွံ့ဖြိုးတိုးတက်မှုရရှိခြင်း၏ အဓိကအကြောင်းရင်းသည် နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှလုံးလုံခြုံအေးချမ်းစွာဖြင့် လုပ်ကိုင်စားသောက်နိုင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လွတ်လပ်ရေးရရှိပြီးကတည်းကပင် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်သည့်စွမ်းရည်၊ စွမ်းအားရှိသော လူ့စွမ်းအားအရင်းအမြစ်များ၊ နိုင်ငံစီးပွားရေးနှင့်ပညာရေး၊ ကျန်းမာရေးအပါအဝင် လမ်း၊ တံတားနှင့် အခြေခံ အဆောက်အဦများကို အကြမ်းဖက်သမားများက ခေတ်အဆက်ဆက် နည်းလမ်းပေါင်းစုံဖြင့် ယနေ့ထက်တိုင် နှောင့်ယှက်ဖျက်ဆီးခဲ့ကြပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ခေတ်အဆက်ဆက်နိုင်ငံတည်ဆောက်ရေးတွင် "သမင်မွေးရင်း ကျားစားရင်း" ဆိုသကဲ့သို့ဖြစ်နေပြီး နိုင်ငံအတွက်ကြီးမားသည့် သမိုင်းသင်ခန်းစာတစ်ခုကဲ့သို့ဖြစ်နေရကြောင်း။

၎င်းတို့ဖျက်ဆီးခဲ့ကြသည့် အခြေခံအဆောက်အဦများနှင့် ဆုံးရှုံးခဲ့ရသည့် လူသားအရင်းအမြစ်များကို ပြန်လည်တည်ဆောက်မွေးထုတ်နေရခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ခြင်းမရှိသည်မှာ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ကြီးစွာသောထိခိုက်နစ်နာ ဆုံးရှုံးနေရမှုပင်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှ တစ်ဆင့်ပေါ်ပေါက်လာသည့် လွှတ်တော်နှင့် အစိုးရတို့တာဝန်ယူဆောင်ရွက်လျက်ရှိပြီး အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ် အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့်ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများသည်လည်း ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်သဖြင့် တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် နိုင်ငံတော်တွင် အတူတကွမှီတင်းနေထိုင်ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးက ကိုယ်စီအသိရှိစွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်း၊ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိရေးအတွက်လည်း နိုင်ငံတော်အစိုးရနှင့်တပ်မတော်မှအမြဲတမ်းတံခါးဖွင့်ဖိတ်ခေါ်ကြိုဆိုလျက်ရှိသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအောင်မြင်မှုရရှိရေးအတွက်လည်း ဖြစ်နိုင်သည်များကို တောင်းဆိုခြင်း၊ မဖြစ်နိုင်သည်များကို ညှိနှိုင်းခြင်းတို့ဖြင့် နိုင်ငံ့အကျိုးကိုကြည့်၍ ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံတိုက်တွန်းလိုကြောင်း၊ ပြည်ပခရီးစဉ်များ သွားရောက်မှုများမှ ရရှိခဲ့သည့် စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အပါအဝင် နယ်ပယ်ပေါင်းစုံမှ တွေ့မြင်လေ့လာသိရှိခဲ့ရသည့်အတွေ့အကြုံကောင်းများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံနှင့်ကိုက်ညီသည်များကို အတုယူဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြေအသုံးချမှုများနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် နိုင်ငံတော်တွင်ရှိပြီးဖြစ်သည့် မြေသယံဇာတများကို စနစ်တကျဖြင့် အမှန်တကယ်

အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိက ထားဆောင်ရွက်ကြသည့် ပြည်ပ နိုင်ငံများ၏ မြေကို အကျိုးရှိရှိ ထိထိရောက်ရောက် အမှန်တကယ် အသုံးချမှု ထားကြသည်များကို အတုယူလေ့လာဆောင်ရွက်ကြရန် လိုကြောင်း၊ ၎င်းတို့၏စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ထုတ်လုပ်တင်ပို့ရောင်းချမှုများနှင့် ပတ်သက်၍လည်း မိမိတို့အနေဖြင့် အတုယူကြရမည်ဖြစ်ပြီး ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ရောင်းချခြင်းထက် ပြည်တွင်း၌ပင် ကုန်ချောအဖြစ်ထုတ်လုပ်၍ အဆင့်မြင့်ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချသွားနိုင်ကြရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေးနှင့် မှန်ကန်သည့် သတ်မှတ်ဈေးနှုန်း ရရှိရေးအတွက်လည်း အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များဖြစ်ရန် လိုကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာ ပြည်ပပို့ကုန် ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသတွင်း နေထိုင်သည့် ပြည်သူများစားသုံးမှု ဖူလုံစေရေး လူဦးရေအချိုးအစားနှင့် ကိုက်ညီသည့် မွေးမြူရေးထုတ်ကုန်များကို စီမံချက်များ စနစ်တကျရေးဆွဲပြီး လျာထားစီမံတွက်ချက် မွေးမြူသွားကြရန် လိုကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ကောင်းမွန် တိုးတက်လာမှသာ ငွေကြေးလည်ပတ်စီးဆင်းမှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ကောင်းမွန်ကာ နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း။

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ် ၎င်းတို့အနေဖြင့်ရေတ်ကောင်းသီးနှံနှင့် ကော်ဖီသီးနှံကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးကြပြီး ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားဝင်ငွေ များစွာရရှိနေသည်ကို တွေ့မြင်ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း ငရုတ်ကောင်းသီးနှံကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်၍ ငရုတ်ကောင်းစိုက်ပျိုးရေးမှ နိုင်ငံခြားဝင်ငွေရရှိရေး ဆောင်ရွက်သွားနိုင်ကြောင်း၊ မိမိတို့နိုင်ငံတွင် နေကြာနှင့်နှမ်းကိုလည်း များစွာစိုက်ပျိုးကြပြီး အဆိုပါ နေကြာ၊ နှမ်း စိုက်ပျိုးရေးနှင့်အတူ ပျားမွေးမြူခြင်းကို တွဲဖက်ဆောင်ရွက်သွားကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တောင်သူများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေပိုမိုရရှိလာစေနိုင်မည်ဖြစ်ကြောင်း။

**❖ ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိ၊ အယ်လ်နီညိုနှင့်ပတ်သက်၍လည်း ကြိုတင်သတိပေးထုတ်ပြန်ချက်များထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင်ပြင်ဆင်ဆောင်ရွက် . . .**

**❖ မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အားလိုအပ်ချက် ကြီးမားနေဆဲဖြစ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက် . . .**

**❖ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်းလိုအပ်၊ အမှန်တကယ်အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးက အတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် . . .**

### အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးနှင့်ပတ်သက်၍ စနစ်ကျနသည့် စံသတ်မှတ်ချက်များရှိရန်လို

ပြည်သူများအလုပ်အကိုင်ရရှိရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို အစိုးရကဖန်တီးပေးရမည်ဖြစ်ပြီး အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ကိုင်လိုစိတ်ရှိခြင်းပင်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ့ဝန်ထမ်းရွေးချယ်ခေါ်ယူခန့်ထားရေး၌ စနစ်ကျနသည့် စံသတ်မှတ်ချက်များ ရှိရန်လိုပြီး အတန်းပညာအောင်မြင်မှုများအလိုက် သင့်လျော်မှန်ကန်သည့် အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့အတန်းပညာအလိုက် အလုပ်အကိုင်အခွင့်အလမ်းနှင့် လစာနှုန်းထားများ၊ ရာထူးအဆင့်ဆင့် တိုးမြှင့်နိုင်မှုတို့မှန်ကန်မှသာ မိဘများအနေဖြင့်လည်း မိမိတို့၏သားသမီးများ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုနှင့် ပတ်သက်၍ ပညာရေးကိုအားပေးလာကြမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက်လိုအပ်လျက်ရှိသည့်စွမ်းရည်နှင့် စွမ်းအားရှိသည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ပညာရပ်များအလိုက်၊ အရည်အသွေးနှင့် အရည်အချင်းအလိုက် မွမ်းမံသင်တန်းများ၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးသွားကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံအတွက် ကဏ္ဍပေါင်းစုံတွင် လိုအပ်လျက်ရှိသည့် လူသားအရင်းအမြစ်များကို စဉ်ဆက်မပြတ် မွေးထုတ်အကျိုးပြုသွားနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကားပြောကြားရာ၌ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အစိုးရဖော်ပြသည့် ပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိကြောင်း၊ ပုဂ္ဂလိကပညာသင်ကြားရေးစနစ်ကိုလည်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရကျောင်းများ၌ တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများသည် လူတန်းစားအလွှာမျိုးစုံမှ ပါဝင်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာကျောင်းများတွင် သင်ကြားပေးသည့် အတန်းလိုက်ပညာရပ်များကို အမှန်တကယ်တတ်မြောက်ရန်လိုသကဲ့သို့ အထွေထွေဗဟုသုတနှင့်လူမှုဘဝအသိပညာများ တိုးတက်ရေးအတွက်ပါ သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အောင်ချက်ရာခိုင်နှုန်းနှင့် အောင်ချက်မြင့်မားရေးကိုသာအာရုံစိုက်၍ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ အမှန်တကယ်စာတတ်မြောက်ရေးကို အလေးထားသင်ကြားပေးရန်လိုကြောင်း၊ အစိုးရကျောင်းများတွင်ပညာရေးကိုသာမက ပတ်ဝန်းကျင်နှင့် ပေါင်းသင်းဆက်ဆံရေးများအပါအဝင် လောကနီတိကိုပါ သင်ကြားပေးခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးနှင့် ပညာရေးပတ်ဝန်းကျင်ကောင်းဖြစ်စေရေး ဝိုင်းဝန်းကြပ်မတ်အားပေးဆောင်ရွက်သွားရန်လိုကြောင်း။

အဆင့်မြင့်ပညာသင်ကြားရေးနှင့် ပတ်သက်၍လည်း တက္ကသိုလ်များ၌ သင်ကြားပေးလျက်ရှိသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ တက္ကသိုလ်များသည် လေ့လာမှုဖြင့် သင်ကြားလေ့ကျင့်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ပညာသင်ယူချိန်တွင် သတ်မှတ်ထားသည့် ပညာသင်နှစ်များအလိုက် သင်ကြားရမည့် သင်ခန်းစာများနှင့် စစ်ဆေးရမည့် စာမေးပွဲများ၊ သုတေသနနှင့်စာတမ်းများကို သတ်မှတ်ချက်များအတိုင်း စနစ်တကျဖြင့် ဆောင်ရွက်မှုရှိ၊ မရှိ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် စစ်ဆေးကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ အဆင့်မြင့်ပညာသင်ကြားမှုများတွင် ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ် စာတတ်မြောက်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း စနစ်တကျဖြင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်နေရန်လိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူလူငယ်များ အနေဖြင့် သက်ဆိုင်ရာပညာရပ်များကို အမှန်တကယ် တတ်မြောက်အောင် သင်ကြားသင်ယူရန်လိုအပ်သကဲ့သို့ ဗဟုသုတများရရှိစေမည့် မိမိတို့၏ အသက်အရွယ်နှင့် ကိုက်ညီသော စာအုပ်၊ စာစောင်များကိုလည်း စဉ်ဆက်မပြတ် ဖတ်ရှုလေ့လာနေရန် လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအတွက် လိုအပ်သည့် စာကြည့်တိုက်၊ ဗဟုသုတ စာအုပ်၊ စာစောင်များအပါအဝင် လိုအပ်ချက်များကို နိုင်ငံတော်အစိုးရမှ နှစ်စဉ် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများကိုလည်း မူဝါဒနှင့်အညီ အားပေးလျက်ရှိသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် အစိုးရပညာသင်ကျောင်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း။

ကျန်းမာရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံ စသည်ဖြင့် ဆေးရုံများအလိုက် လိုအပ်သည့် ကုသရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုဝန်ထမ်းများ ပြည့်စုံမှုရှိစေရေး လူသားအရင်းအမြစ်များ နှစ်စဉ် လျာထားစီမံလေ့ကျင့် မွေးထုတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ မြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှုအဆောက်အဦနှင့် လိုအပ်သည်များကိုလည်း နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် သက်ဆိုင်ရာ ရာထူးတာဝန်များအသီးသီး ခန့်အပ်တာဝန်ပေးထားခြင်းဖြစ်ကြောင်း၊ ခရိုင်အဆင့် တာဝန်ရှိသူများကို အတွေ့အကြုံနှင့် လုပ်သက်အရ ရွေးချယ်တာဝန်ပေးအပ်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ထိရောက်သည့်စီမံအုပ်ချုပ်ကွပ်ကဲမှုဖြစ်စေရေး ခရိုင်ဗဟိုပြုအုပ်ချုပ်ရေးစနစ်ဖြင့် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဆောက်လုပ်ရေး၊ တရားရေးနှင့် ဥပဒေ စသည်ဖြင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ခရိုင်အဆင့်မှ စနစ်တကျ တာဝန်ယူဆောင်ရွက်သွားကြရန်လိုကြောင်း။

ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် ရာသီဥတုဖောက်ပြန်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အယ်လ်နီညိုနှင့် ပတ်သက်၍လည်း ကြိုတင်သတိပေး ထုတ်ပြန်ချက်များ ထုတ်ပြန်ထားသည်ကိုတွေ့ရှိရပြီး ဂရုပြုကြိုတင် ပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ အပူချိန်လွန်ကဲမှုကြောင့် မြေအောက်ရေလျော့နည်း ကျဆင်းမှုများနှင့် ရေရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေများအတွက် လိုအပ်သည့် ရေများကို ကြိုတင်စုဆောင်းထားရှိရန်လိုကြောင်း၊ လိုအပ်ပါက မြစ်ချောင်းများတွင် မြေအောက်တမံများပြုလုပ်ပြီး မြေအောက်ရေကို ထိန်းသိမ်းသွားကြရန်နှင့် ကြိုတင်ပြင်ဆင်၍ ရသည်များကို ယခုကတည်းက စနစ်တကျဖြင့် စဉ်းစားပြင်ဆင်ဆောင်ရွက်ထားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကြီးမားနေဆဲဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးသည် အလွန်ပင်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လိုကြောင်း၊ အားကစားကဏ္ဍနှင့် ပတ်သက်၍ “အားကစားမြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်” ဆိုသည့် မူဝါဒနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍ မြှင့်တင်ရေးအတွက်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီ ဒီဇင်ဘာလသို့ရောက်ရှိတော့မည်ဖြစ်ပြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်နိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် ရှိပြီးဖြစ်သည့် အားကစားကွင်းများကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျ ပြင်ဆင်ထိန်းသိမ်း အသုံးပြုဆောင်ရွက်သွားကြရန်လိုကြောင်း။

အချုပ်အားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် အဓိကအားဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး နိုင်ငံစီးပွားရေးအားကောင်းရန် အတူတကွ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်အသုံးပြုသွားနိုင်ရန်လည်းလိုအပ်ကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကိုင်ကြရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင်ဆောင်ရွက်ပေးကြရမည်ဖြစ်ပြီး အားလုံးကအတူတကွ စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြမည်ဆိုပါက မိမိတို့ နိုင်ငံတော်ကြီး မလွဲမသွေဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးရှိ မြို့နယ် ၆ မြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ နှင့် ၁၁/၇ ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျား ၃၀၀ ပေ၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာအား ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ တာမိုင် (၁၁/၆ + ၆၀၀') မှ (၁၁/၆ + ၆၅၀') အတွင်း Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း)ဆောင်ရွက်ခြင်း၊ မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်းလုပ်ငန်းများကိုနယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက်အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုတားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ငဝန်ပန်းတာရေဝင်ရောက်မှုထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိရေဘေးသင့် ပြည်သူများအား ထမင်းဘူးများ၊စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတာဝန်ရှိသူများကသွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၄ ဦးအား မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှတာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား နှစ်ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား နှစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား လေးဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ Administrative and Technical Staff Mr. Mohammad Din Islam နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှတာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၁၅၆၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၉၂၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၃၃၇ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၆၄၀ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၆၉၇ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန်အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အလေးမနှင့် Teqball အားကစားအဖွဲ့များနှင့် (၅၈)ကြိမ်မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားသမားများ စခန်းသွင်းလေ့ကျင့်လျက်ရှိ


**ရန်ကုန် စက်တင်ဘာ ၁၅**

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အလေးမနှင့် Teqball အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုကိုကြက္ကဆံကွင်းအတွင်းရှိ အားကစားရုံများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တွင် (၅၈)ကြိမ်မြောက် ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားအဖွဲ့တို့၏ လေ့ကျင့်နေမှုများကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားရေးရာဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးညီညီသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၆ ရက်မှအောက်တိုဘာလ ၂ ရက်အထိ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်(နည်းပြ နည်းစနစ်) မွမ်းမံသင်တန်း (၁/၂၀၂၆)တွင် (လက်ဝှေ့)Boxing အားကစားနည်း သင်ခန်းစာသင်ကြားပို့ချပြသနေမှုအား သွားရောက်ကြည့်ရှုသည်။

ထို့နောက် ဘတ်စကက်ဘောရုံနှင့်ဘော်လီဘောရုံနှစ်ထပ်Sunshade နေကာအမိုးတပ်ဆင်ခြင်းလုပ်ငန်း၊ အများဆုံးသန့်စင်ခန်းအတွက် ရေဂါလန် ၁၆၀၀ ဆံ့ သံရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ စတိုခန်း၊ အိပ်ဆောင်ငါးဆောင်နှင့်စားရိပ်သာတို့အတွက် ရေဂါလန်သုံးသောင်း၊ ၆ လက်မ အဝီစိတွင်းတူးဖော်နေမှုနှင့်အားကစားနှင့်ကာယပညာဦးစီးဌာနရုံး(မှန်ဆောင်)ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ တိုက်ကွမ်ဒိုနှင့်ကျွမ်းဘားအားကစားရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ် စံချိန်၊ စံညွှန်းနှင့် အရည်အသွေးပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်ရိပ်သာဝင်းရှိ မြန်မာနိုင်ငံ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်သို့ သွားရောက်၍ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ကျင်းပမည့်(၅၈)ကြိမ်မြောက်ကာယဗလနှင့်ကာယကြံ့ခိုင်မှု တံခွန်စိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားများ၏လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးစကားပြောကြားကာ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**



# အာရှအားကစားပြိုင်ပွဲ မြန်မာအမျိုးသမီး ဘောလုံးအသင်း နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်



**ရန်ကုန် စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ(Asian Games 2026) ဝင်ရောက်ယှဉ်ပြိုင်သည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည်အုပ်စု(F)တွင်ပါဝင်ပြီး ပထမနေ့ယှဉ်ပြိုင်မှုတွင် အာရှထိပ်သီးတောင်ကိုရီးယားအသင်းနှင့်ယှဉ်ပြိုင်ခဲ့ရာ ငါးဂိုး ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

မြန်မာအမျိုးသမီးအသင်းပါဝင်သည့် အုပ်စု(F)တွင် အာရှအင်အားကြီးကိုရီးယားနှစ်သင်းပါဝင်နေ၍ ပြိုင်ပွဲမစမီကပင် အကောင်းဆုံး အုပ်စုတတိယနှစ်သင်း နေရာကသာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ရည်မှန်းထားခဲ့ရသည်။ မြန်မာအမျိုးသမီးအသင်းမျှော်လင့်ချက်ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုသည်မှာ စက်တင်ဘာလ ၁၇ ရက်တွင် ယှဉ်ပြိုင်မည့် မြောက်ကိုရီးယားနှင့်ပွဲတွင် ဂိုးအများကြီးမပေးရရေးသည် အဓိကသော့ချက်ဖြစ်လာပြီး စက်တင်ဘာလ ၂၁ ရက်တွင် ယှဉ်ပြိုင်မည့် ဘင်္ဂလားဒေ့ရှ်နှင့်ပွဲတွင်လည်း ဂိုးပြတ် အနိုင်ရဖို့လိုအပ်နေသည်။

အုပ်စု(F)အဖွင့်ပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းသည် တောင်ကိုရီးယားအသင်းကို ငါးဂိုး ဂိုးမရှိဖြင့်ရှုံးနိမ့်ခဲ့သလို အုပ်စုတွင် အခြားပွဲစဉ်တွင် မြောက်ကိုရီးယားက ဘင်္ဂလားဒေ့ရှ်အသင်းကို ၁၀ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိထားသည်။ ဂိုးကွာခြားချက်သည်အုပ်စုတတိယနေရာအတွက် အဆုံးအဖြတ်ဖြစ်သော်လည်း အုပ်စုသုံးစုအနက်မှ အကောင်းဆုံးအုပ်စုတတိယနှစ်သင်းသာ နောက်တစ်ဆင့်တက်မည်ဖြစ်၍ကံသေကံမပြောလို့မရပေ။ အုပ်စုတွင်းမှဘင်္ဂလားဒေ့ရှ်အသင်းသည်လည်း အုပ်စုနောက်တစ်ဆင့်တက်ရေး မြန်မာအသင်းကို အဓိကပစ်မှတ်ထားယှဉ်ပြိုင်မည်မှာ သေချာသည်။

အုပ်စုကျပ်ထဲကျရောက်နေသည့် မြန်မာအမျိုးသမီးအသင်းအတွက် အခက်တစ်ခုပိုသည်မှာ အုပ်စု (G)ပွဲစဉ်ဖြစ်သည်။ စက်တင်ဘာလ ၁၇ ရက်ကယှဉ်ပြိုင်သည့် အုပ်စု(G)ပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျခဲ့ခြင်းလည်းပါသည်။ သူတို့နှစ်သင်းသည် သရေကျထား၍ အုပ်စု(G)ကနေ အကောင်းဆုံးဒုတိယ ဒါမှမဟုတ် တတိယရရှိဖို့အခွင့်အလမ်းပိုများနေသည်။

ထို့အတူ အခြားတစ်ဖက်က အုပ်စု(E)တွင်ပါဝင်သည့်အိမ်ရှင်ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်နှင့် ထိုင်းအသင်းတို့၏ ခြေစွမ်းသည်လည်း မြန်မာအမျိုးသမီးအသင်းထက်သာလွန်ကောင်းမွန်ကြ၍ ဂိုးကွာခြားချက်များလည်းရှိသည်။

မြန်မာအမျိုးသမီးအသင်း အုပ်စုနောက်ဆုံးယှဉ်ပြိုင်မည့် ဘင်္ဂလားဒေ့ရှ်နှင့်ပွဲသည် နေ့လယ် ၁ နာရီခွဲမှာကစားရမည်ဖြစ်ပြီး အုပ်စု(E)က ဗီယက်နမ်နှင့်ထိုင်းအသင်းတို့ဟာ ညနေ ၅ နာရီမှကစားရမှာဖြစ်တဲ့အတွက် ပြိုင်ဘက်အသင်းတွေအနေနဲ့ မြန်မာအသင်းရဲ့ရလဒ်အခြေအနေကိုကြည့်ပြီး လိုသလိုပုံဖော်ကစားနိုင်ခွင့်ရရှိခြင်းသည်လည်းမြန်မာအသင်းအတွက်အတားအဆီးအန္တရာယ်ဖြစ်သည်။

Wikipedia ရဲ့ခန့်မှန်းချက်အရ အုပ်စု(E)မှဗီယက်နမ်၊ အုပ်စု(F)မှ မြန်မာနှင့် အုပ်စု(G)မှဥဇဘက်ကစ္စတန်အသင်းတို့သည် အုပ်စုတတိယနေရာကနေကွာတားဖိုင်နယ်တက်နိုင်ခြေရှိတယ်လို့ ဖော်ပြထားပေမယ့် မြန်မာအမျိုးသမီးအသင်းအနေနဲ့ မြောက်ကိုရီးယားအသင်းနှင့်ပွဲတွင် ဂိုးအနည်းဆုံးပေးရအောင် ထိန်းကစားဖို့နဲ့ ဘင်္ဂလားဒေ့ရှ်နဲ့ပွဲတွင် ဂိုးပြတ်နိုင်ပွဲရမှသာ မြန်မာပရိသတ်များမျှော်လင့်သလို နောက်တစ်ဆင့်တက်လှမ်းနိုင်မည်ဖြစ်သည်။

**ဝန်းရံခ**

# ဂျပန်ဖိတ်ခေါ်လူငယ်ပြိုင်ပွဲသို့ မြန်မာယူ-၁၇ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံ နီဂါတာမြို့တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပမည့် ဂျပန်ဖိတ်ခေါ်လူငယ်ပြိုင်ပွဲ (International Youth Football in Niigata 2026)တွင် မြန်မာယူ-၁၇ အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

ဂျပန်ဘောလုံးအဖွဲ့ချုပ်(JFA)သည် ယင်းပြိုင်ပွဲ၌ ဂျပန်ယူ-၁၇ အသင်း၊ နီဂါတာ ယူ-၁၇ အသင်း၊ မြန်မာ ယူ-၁၇ အသင်းနှင့် နယူးဇီလန် ယူ-၁၇ အသင်း စုစုပေါင်း အသင်းလေးသင်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အသင်းလေးသင်းသည် အုပ်စုပတ်လည်တစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်၍ အုပ်စုပွဲသုံးပွဲယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်သည့်အသင်းသည် ချန်ပီယံဆုရရှိမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာ ယူ-၁၇ အသင်းသည် အုပ်စုပထမပွဲအဖြစ် စက်တင်ဘာလ ၁၇ ရက်တွင် ဂျပန်ယူ-၁၇ အသင်းနှင့်လည်းကောင်း၊ အုပ်စုဒုတိယပွဲအဖြစ် စက်တင်ဘာလ ၁၉ ရက်တွင် နယူးဇီလန် ယူ-၁၇ အသင်းနှင့်လည်းကောင်း၊ အုပ်စုတတိယပွဲအဖြစ် စက်တင်ဘာလ ၂၁ ရက်တွင် နီဂါတာ ယူ-၁၇ အသင်းနှင့်လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာ ယူ-၁၇ အသင်းသည် ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲအတွက် အကြိုပြင်ဆင်သည့်အနေဖြင့် ဂျပန်ဖိတ်ခေါ်လူငယ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၂၇ အာရှဖလား ယူ-၁၇ ပြိုင်ပွဲ ခြေစစ်ပွဲကိုအိမ်ရှင်အဖြစ် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ ၂၀ ရက်အထိ လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် အဆိုပါခြေစစ်ပွဲတွင် အုပ်စု(A) ၌ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယားအသင်းတို့နှင့်အတူ ကျရောက်နေကြောင်း သိရသည်။ **ဝန်းရံခ**

**➧ ကျောဖုံးမှအဆက်**

ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အိမ်ရှင် ဂျပန်နိုင်ငံ အပါအဝင် တောင်ကိုရီးယား၊ တရုတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဆော်ဒီအာရေဗျ၊ အီရန် စသည့်နိုင်ငံများနှင့် ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။

“Zanaka အသင်းက အာရှအားကစားပြိုင်ပွဲမှာ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အာရှ၁၂ နိုင်ငံမှာ ထိပ်သီးရှစ်နိုင်ငံနဲ့ ယှဉ်ပြိုင်သွားရဖို့ရှိပါတယ်။ အထူးသဖြင့်တရုတ်၊ဂျပန်နဲ့ဆော်ဒီအာရေဗီးယားနိုင်ငံတွေနဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ အကောင်းဆုံးပြင်ဆင်ထားတာကြောင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတွေရရှိဖို့ မျှော်မှန်းထားတယ်။ ပြိုင်ပွဲကာလမှာ ပြည်သူတွေအနေနဲ့ စောင့်ကြည့်အားပေးကြဖို့ မေတ္တာရပ်ခံလိုပါတယ်” ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဒေါက်တာကောင်းမြတ်စံက ပြောသည်။

မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း Team Zanaka eFootball mobile အသင်းနှင့် console အသင်းတို့သည် စက်တင်ဘာလ ၁၉ တွင် ဂျပန်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။

ထို့အတူ စက်တင်ဘာလ ၂၄ ရက်တွင် Honor of Kings (HOK) အသင်း၊ စက်တင်ဘာလ ၂၅ ရက်တွင် PUBG Mobile အသင်း၊ စက်တင်ဘာလ ၂၆ ရက်တွင် Mobile Legend (MLBB) အသင်းတို့သည်လည်း ဂျပန်နိုင်ငံသို့ ထွက်ခွာကြမည်ဖြစ်ပြီး ပြိုင်ပွဲများတွင် အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား ၂၃ ဦးပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကာ KBZPay၊ U9၊ Lipovitan-D နှင့် SINODA တို့က ပူးပေါင်းပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)**


မိမိပိုင် နိုင်ငံသား
စိစစ်ရေးကတ်၊
Mobile SIM Card၊
Mobile Payment
Account၊ Bank
Account များအား
မသက်ဆိုင်သူထံသို့
အခကြေးငွေဖြင့်
ရောင်းချခြင်း၊ ငှားရမ်း
အသုံးပြုစေခြင်းများ
ဆောင်ရွက်ပါက
တည်ဆဲဥပဒေများနှင့်အညီ
အရေးယူခံရနိုင်ပါသည်။



## Denza N8L လျှပ်စစ်ကား တစ်ကြိမ်အားသွင်းပြီး ကီလိုမီတာ ၉၆၀ အထိ မောင်းနိုင်

တရုတ်နိုင်ငံမှ BYD ကုမ္ပဏီရဲ့ အဆင့်မြင့်ကား အမှတ်တံဆိပ် Denza ဟာ N8L လျှပ်စစ် SUV ကားသစ်ကို မိတ်ဆက်လိုက်ပြီး တစ်ကြိမ်အားသွင်းရုံနဲ့ ကီလိုမီတာ ၉၆၀ အထိ မောင်းနှင်နိုင်တယ်လို့ သိရပါတယ်။ ဒီမောင်းနှင်နိုင်တဲ့အကွာအဝေးက တရုတ်နိုင်ငံရဲ့ CLTC စမ်းသပ်စံနှုန်းအပေါ် အခြေခံထားတာဖြစ်ပြီး WLTP စံနှုန်းနဲ့ဆိုရင် ၇၇၈ ကီလိုမီတာခန့်ရှိပါတယ်။

Denza N8L မှာ ၁၃၀ ဒသမ ၁၅ ကီလိုဝပ်နာရီ စွမ်းရည်ရှိတဲ့ ဘက်ထရီကို အသုံးပြုထားပြီး 800V လျှပ်စစ်စနစ်နဲ့ အမြန်အားသွင်းနည်းပညာကိုလည်း ထည့်သွင်းထားပါတယ်။ အားသွင်းစနစ်ကောင်းမွန်တဲ့အခြေအနေမှာ ဘက်ထရီကို ၁၀ ရာခိုင်နှုန်းကနေ ၇၀ ရာခိုင်နှုန်းအထိ ၅ မိနစ်ခန့်နဲ့ အားသွင်းနိုင်ပါတယ်။

ဒီကားဟာ အရှည် ၅ ဒသမ ၂ မီတာရှိပြီး လူခြောက်ဦး စီးနင်းနိုင်တဲ့ ခုံသုံးတန်းပုံစံကို အသုံးပြုထားပါတယ်။ နောက်ဘီးယက်စနစ်နဲ့ လျှပ်စစ်မော်တာတစ်လုံးတပ်ဆင်ထားပြီး မြင်းကောင်ရေ ၄၉၆ ခန့် ထုတ်ပေးနိုင်ပါတယ်။

တရုတ်ဈေးကွက်မှာ Denza N8Lလျှပ်စစ်ဗားရှင်းရဲ့ အစဈေးနှုန်းကို ယွမ် ၂၉၉၈၀၀ သတ်မှတ်ထားပါတယ်။

Ref: AE

ကိုထက်

## ဒီဇယ်ထရပ်ကားတွေနေရာမှာ အစားထိုးမယ့် Volvo လျှပ်စစ်ထရပ်ကား



ဆွီဒင်နိုင်ငံအခြေစိုက် Volvo Trucks က တစ်ကြိမ်အားသွင်းရုံနဲ့ ၄၃၅ မိုင်ခန့်အထိ မောင်းနှင်နိုင်တဲ့ အကြီးစားလျှပ်စစ်ထရပ်ကား မော်ဒယ်သစ်ကို ထုတ်လုပ်နေပြီဖြစ်ပါတယ်။ ဒီမော်ဒယ်ဟာ ဒီဇယ်ထရပ်ကားတွေနေရာမှာ အစားထိုးပြီး အဝေးပြေးကုန်တင်ပို့ဆောင်ရေးမှာ လျှပ်စစ်ထရပ်ကားတွေကို ပိုမိုအသုံးပြုလာနိုင်ဖို့ အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်လာပါတယ်။

Volvo FH Aero Electric ရဲ့ အကွာအဝေးတိုးမြှင့်ထားတဲ့ ဗားရှင်းမှာ စုစုပေါင်းစွမ်းရည် ၇၈၀ ကီလိုဝပ်နာရီရှိတဲ့ ဘက်ထရီစနစ်ကို အသုံးပြုထားပါတယ်။ ဘက်ထရီနေရာနဲ့ စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စေဖို့ လျှပ်စစ်မော်တာနဲ့ ဂီယာစနစ်တွေကို axle တစ်ခုအတွင်း ပေါင်းစပ်ထားတဲ့ e-axle နည်းပညာကို အသုံးပြုထားတာဖြစ်ပါတယ်။


ဒီနည်းပညာကြောင့် ဘက်ထရီပိုမိုတပ်ဆင်နိုင်သလို ထရပ်ကားရဲ့ စွမ်းအင်အသုံးပြုမှုကိုလည်း ထိရောက်စေပါတယ်။

Volvo Trucks က ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှာ အဆိုပါ မျိုးဆက်သစ် အကြီးစားလျှပ်စစ်ထရပ်ကားတွေကို အမြောက်အမြားထုတ်လုပ်မှု စတင်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်လိုက်ပါတယ်။

Ref: IE

ကိုထက်

## ဘရာဇီးသစ်ပင်မှ သဘာဝဒြပ်ပေါင်းများက ကိုဗစ်-၁၉ ကို နည်းလမ်းမျိုးစုံဖြင့် တိုက်ဖျက်နိုင်



ဘရာဇီးနိုင်ငံ အတ္တလန္တိတ်သစ်တောဒေသမှာ အဓိကတွေ့ရတဲ့ Copaifera lucens သစ်ပင်ရဲ့ အရွက်တွေကနေ ထုတ်ယူရရှိတဲ့ သဘာဝဒြပ်ပေါင်းတွေဟာ ကိုဗစ်-၁၉ ဖြစ်စေတဲ့ SARS-CoV-2 ဗိုင်းရပ်ကို နည်းလမ်းမျိုးစုံနဲ့ တားဆီးနိုင်ကြောင်း သုတေသနတစ်ရပ်က ဖော်ပြလိုက်ပါတယ်။

အဆိုပါဒြပ်ပေါင်းတွေထဲမှာ ပါဝင်တဲ့ Galloylquinic acids ဟာ ဗိုင်းရပ်က လူ့ဆဲလ်ထဲ ဝင်ရောက်တာကို တားဆီးနိုင်သလို ဗိုင်းရပ်ပွားများမှုနဲ့ ဗိုင်းရပ်ပရိုတင်း ထုတ်လုပ်မှုတွေကိုလည်း လျှော့ချနိုင်ကြောင်း ဓာတ်ခွဲခန်းစမ်းသပ်မှုတွေမှာ တွေ့ရှိခဲ့ပါတယ်။ ဒါ့အပြင် ရောင်ရမ်းမှုကို လျှော့ချနိုင်ပြီး ကိုယ်ခံအားတုံ့ပြန်မှုကို ထိန်းညှိပေးနိုင်တဲ့ အာနိသင်တွေရှိနိုင်ကြောင်းလည်း သုတေသီတွေကဆိုပါတယ်။

ဒီဒြပ်ပေါင်းတွေဟာ ဗိုင်းရပ်ရဲ့ ပစ်မှတ်တစ်ခုတည်းကိုမဟုတ်ဘဲ နည်းလမ်းအမျိုးမျိုးနဲ့ တစ်ပြိုင်နက်တည်း သက်ရောက်နိုင်တာကြောင့် ဆေးယဉ်ပါးမှုဖြစ်ပေါ်နိုင်ခြေကို လျှော့ချနိုင်မယ့် အလားအလာရှိတယ်လို့ သုတေသီတွေက ပြောပါတယ်။

သို့သော် လက်ရှိတွေ့ရှိချက်တွေဟာ ဓာတ်ခွဲခန်းစမ်းသပ်မှုအဆင့်သာရှိသေးတာကြောင့် လူနာတွေအတွက် ကိုဗစ်-၁၉ ကုသဆေးအဖြစ် အသုံးပြုနိုင်ခြင်း ရှိ မရှိ သိရှိနိုင်ဖို့ သက်ရှိသတ္တဝါများတွင် စမ်းသပ်မှုများနှင့် လူသားများတွင်ဆေးဘက်ဆိုင်ရာ စမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် လိုအပ်နေပါသေးတယ်။

Ref: STD

ကိုထက်

## Dimensity 9600 Pro ချစ်ပြားသုံးထားတဲ့ OPPO Find X10 Pro Max




OPPO က ထိပ်တန်းစမတ်ဖုန်းအသစ်ဖြစ်တဲ့ Find X10 Pro Max ကို မိတ်ဆက်ဖို့ ပြင်ဆင်နေပြီး MediaTek ရဲ့ မျိုးဆက်သစ် Dimensity 9600 Pro ချစ်ပြားကို အသုံးပြုမယ့် ပထမဆုံးဖုန်းတွေထဲမှာ ပါဝင်လာမယ်လို့ သိရပါတယ်။ အဲဒီဖုန်းကို တရုတ်နိုင်ငံမှာ စက်တင်ဘာလ ၂၂ ရက်ကျရင် မိတ်ဆက်ဖို့စီစဉ်ထားပြီး နိုင်ငံတကာဈေးကွက်တွေမှာလည်း ရောင်းချသွားမယ်လို့ သတင်းတွေက ဖော်ပြပါတယ်။

Find X10 Pro Max မှာ 2nm နည်းပညာနဲ့ ထုတ်လုပ်ထားတဲ့ Dimensity 9600 Pro ချစ်ပြားကို အသုံးပြုထားမှာဖြစ်ပြီး စွမ်းဆောင်ရည်နဲ့ AI လုပ်ဆောင်ချက်တွေ ပိုမိုကောင်းမွန်လာမယ်လို့ ဆိုပါတယ်။ ဖုန်းမှာ ၆ ဒသမ ၇၈ လက်မအရွယ် 2K LTPO OLED မျက်နှာပြင်နဲ့ 144Hz refresh rate ပါဝင်လာနိုင်ပါတယ်။

ကင်မရာပိုင်းမှာလည်း အထူးစိတ်ဝင်စားစရာဖြစ်ပြီး ကျောဘက်မှာ 200MP ကင်မရာသုံးလုံးပါဝင်လာမယ်လို့ ဖော်ပြထားပါတယ်။ Hasselblad နဲ့ ပူးပေါင်းဖန်တီးထားတဲ့ ကင်မရာစနစ်မှာ အဓိကကင်မရာ၊ Ultra-wide နဲ့ Periscope Telephoto ကင်မရာတွေကို 200MP စီ အသုံးပြုထားမယ်လို့ သိရပါတယ်။

ဒါ့အပြင် ဖုန်းမှာ 8000 mAh ဘက်ထရီ ပါဝင်လာနိုင်တာကြောင့် စွမ်းဆောင်ရည်မြင့်ကင်မရာနဲ့ ကြီးမားတဲ့ဘက်ထရီကို တစ်ပြိုင်နက်တည်း ပေးစွမ်းမယ့် OPPO ရဲ့ အဆင့်မြင့်မော်ဒယ်တစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ရပါတယ်။

Ref: GA

ကိုထက်

## မိုင်ပေါင်း ၁၀၃၅၇ မိုင်အထိ ပျံသန်းနိုင်မယ့် Gamera မောင်းသူမဲ့လေယာဉ်သစ်



အမေရိကန်နိုင်ငံအခြေစိုက် Swarm Aero က တစ်ကြိမ်ဆီဖြည့်ပြီး မိုင်ပေါင်း ၁၀၃၅၇ မိုင်အထိ ပျံသန်းနိုင်မယ့် Gamera အမည်ရှိ မောင်းသူမဲ့လေယာဉ်သစ်ကို ထုတ်ဖော်ပြသလိုက်ပါတယ်။ အဲဒီလေယာဉ်ဟာ လက်ရှိအသုံးပြုနေတဲ့ MQ-9A Reaper မောင်းသူမဲ့လေယာဉ်တွေကို အစားထိုးဖို့ အမေရိကန်လေတပ်က စီစဉ်နေတဲ့ Massed Modular Aircraft အစီအစဉ်အတွက် တည်ဆောက်နေတာဖြစ်ပါတယ်။

Gamera ရဲ့ တောင်ပံအကျယ်ဟာ ၇၂ ပေရှိပြီး ဆီပြန်ဖြည့်စရာမလိုဘဲ ရေမိုင် ၉၀၀၀၊ မိုင်အားဖြင့် ၁၀၃၅၇ မိုင်အထိ ပျံသန်းနိုင်မယ်လို့ ကုမ္ပဏီက ခန့်မှန်းထားပါတယ်။ လေယာဉ်မှာ ကိုယ်ထည်နှစ်ခုကို အပြိုင်တပ်ဆင်ထားတဲ့ပုံစံကို အသုံးပြုထားပြီး Honeywell TPE331 တာဘိုပရော့အင်ဂျင်တစ်လုံး တပ်ဆင်ထားပါတယ်။

Gamera ကို ရေရှည်ထောက်လှမ်းရေးနဲ့ တိုက်ခိုက်ရေးတာဝန်တွေမှာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ထားပြီး လက်နက်နဲ့ အခြားမစ်ရှင်ပစ္စည်းတွေ တပ်ဆင်နိုင်မယ့် နေရာ ၇ ခု ပါဝင်ပါတယ်။ ဝန်တင်နိုင်စွမ်းက ပေါင် ၂၈၀၀ အထိရှိမယ်လို့ ဆိုပါတယ်။

ဒါ့အပြင် မောင်းသူမဲ့လေယာဉ်တွေကို အုပ်စုလိုက် ပျံသန်းစေမယ့် စနစ်ကိုလည်း ထည့်သွင်းထားပြီး အော်ပရေတာတစ်ဦးတည်းက လေယာဉ်၃၅ စင်းအထိ တစ်ပြိုင်နက်ထိန်းချုပ်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။ ပထမဆုံး Gamera လေယာဉ်ကို လာမယ့်နှစ်မှာ စမ်းသပ်ပျံသန်းဖို့ ကုမ္ပဏီကစီစဉ်ထားပါတယ်။

Ref: IE

ကိုထက်

MYAWADY IN ENGLISH DAILY EDITION

# President of the Republic of the Union of Myanmar U Min Aung Hlaing addresses Union government meeting



President of the Republic of the Union of Myanmar U Min Aung Hlaing delivers an address at the Union government meeting.

**NAY PYI TAW September 15**

A Union government meeting of the Republic of the Union of Myanmar took place at the Union government meeting hall of the Presidential Office in Nay Pyi Taw this afternoon, addressed by President U Min Aung Hlaing.

Also present at the meeting were Vice Presidents U Nyo Saw and Daw Nan Ni Ni Aye, union ministers, the Nay Pyi Taw Council chair, and officials. Region/state chief ministers attended the meeting through video conferencing.

**Take lessons from international visits and materialized them for national development**

In his keynote address, the President said recently, he and his high-level Myanmar delegation had paid State Visits to the Socialist Republic of Vietnam and Cambodia. Myanmar and Vietnam share similarities in traditional cultures, customs, beliefs, and histories of struggling for independence. Both countries have to overcome many hardships in their endeavours for development. Although Vietnam had to face the consequences of war and sanctions for many decades, it gained rapid economic development after implementing Doi Moi economic reforms for 40 years. The country has adopted two strategic development goals and is now implementing them to reach the stage of an upper-middle-income developing country with advanced industries in 2030 and a high-income developed country in 2045.

Vietnamese are enjoying continuous progress and changes because of their genuine efforts and hard work and patriotism and the spirit to improve their race amidst the hardships and sanctions. Their success is an example for Myanmar.It can be seen that internal peace and stability, unity and efforts are very helpful for national development. During the visits to the two countries, practical means to promote multi-sectorial cooperation and partnership could be identified through talks. Vietnam is striving for national economic development with industry, agriculture and livestock as the foundation.

Like Vietnam, Cambodia had to strive for national development amidst many hardships and now it is on the path to progress. The main driving force of its economy is agriculture and irrigation. The country is a rice exporter producing black pepper and cashew on economic scale for export.As Cambodia enjoys political tranquility and stability and security and peace, it can turn to development undertakings. The President said he had visited Angkor Wat Temple and Bayon Temple in the UNESCO-listed Angkor Archaeological Park and witnessed Cambodia's ability to earn a lot of foreign currency and benefits for its tourism business by systematically preserving its historical sites as tourist attractions.

During the visits, it was witnessed that the main driving force behind development is national peace and stability that ensured a peace of mind for all citizens to earn their living. In Myanmar, the governments of the successive periods have been striving to end internal armed conflicts and achieve peace since the country regained independence.However, to this day, terrorists continue to destroy key infrastructure, including the roads and bridges vital for national development, as well as sectors essential for human resource development, such as politics, education, and health.Throughout successive eras, national development undertakings failed to produce results as they were like fetching water with a leaking bucket. The nation can take it as a lesson of history.

The country and its people were not able to carry out development undertakings effectively as they were restoring the infrastructure and reproducing human resources destroyed by the terrorists. It was a devastating loss for them. Currently, the parliament and the government emerged through the general election are serving duties. The government's priority issues are national peace and stability and development. **As socio-economic progress of the citizens depends on national development, all offspring of the Union must conscientiously work together and make a collective effort for achieving internal peace and stability and progress.** The government and the Tatmadaw always open the door and extend overtures to restore peace and stability. To ensure the success of the peace talks, all the stakeholders are required to make realistic demands while negotiating the unrealistic demands in the interest of the country. Good examples in multi sectors witnessed during the foreign visits must be adopted and adapted for national development.

Regarding land use, he emphasized the need for the systematic and productive utilization of the nation's existing land resources. He noted that Myanmar should study and emulate foreign countries that focus on agriculture and livestock, drawing lessons from how effectively they utilize their land and export their agricultural and livestock products. Rather than exporting raw materials, he stressed the importance of processing them domestically into finished goods to export high-value products to foreign markets. He added that ensuring market access and fair pricing for domestic products requires meeting quality standards, noting that export revenues can only be achieved by producing export-grade goods, thereby necessitating strong encouragement and support for production activities.

Regarding livestock breeding, he stated that systematic plans must be drawn up, calculated, and implemented in proportion to population sizes across states and regions to ensure local food self-sufficiency. He added that only when production processes improve and expand will monetary circulation enhance, thereby increasing individual incomes and driving overall national economic growth.

He stated that during his visit to Vietnam, he observed that

SEE PAGE - 22 ▶▶

FROM PAGE - 21

pepper and coffee are cultivated extensively and exported, generating substantial foreign exchange earnings. He noted that because Myanmar can similarly cultivate pepper successfully, the country should pursue foreign revenue generation through pepper farming. Furthermore, he suggested that given the widespread cultivation of sunflower and sesame in Myanmar, farmers should pair these crops with beekeeping, which would provide them with an additional source of income.

**Systematic criteria and standards must be established regarding the creation of employment opportunities**

He stated that the government must create job opportunities to ensure employment for citizens, emphasizing that the primary requirement is a genuine willingness to work. He noted that systematic standards are necessary for civil service recruitment, and suitable employment opportunities must be provided according to academic achievements. He added that when job prospects, salary scales,and career advancement correspond accurately to educational attainment, parents will be encouraged to support their children's education. Furthermore, to produce the skilled and capable human resources needed for the country, relevant ministries must conduct refresher and multiplier training courses based on specialization, quality, and qualification, thereby continuously developing human resources to serve various sectors across the nation.

Following this, the Union Ministers presented and discussed matters according to their respective sectors.

In his concluding remarks, the President stated that the country currently practices a government-centered education system while implementing private education in accordance with established policies. He noted that students attending government schools come from various social strata, emphasizing that they must truly master grade-level subjects taught in basic education schools while also receiving training to enhance their general knowledge and social awareness. He stressed that teaching should not focus solely on pass rates and high academic performance, but must prioritize genuine literacy and comprehension. Furthermore, he highlighted that government schools teach not only academic subjects but also social interaction and secular ethics (Loka Niti). He concluded by calling on Chief Ministers of Regions and States to supervise and encourage efforts to ensure that students achieve genuine literacy and to foster a positive educational environment.

He stated the necessity of teaching and training students so that they truly master and become proficient in the subjects taught at universities. Universities are institutions that teach through study and practice. Therefore, during the period of university education, responsible officials must closely monitor and supervise whether the prescribed courses for each academic year, the examinations to be taken, and research and papers are being carried out systematically in accordance with the stipulated requirements. In higher education, in order for students to truly become literate and proficient, not only the relevant ministries but also region and state governments must systematically supervise and inspect the implementation. Students and young people need to learn and study their relevant subjects so as to truly master them, and they must also continuously read and study books and journals suitable for their age that will provide them with general knowledge. Therefore, the government will annually fulfill and provide the necessary requirements, including libraries and general knowledge books and journals, for basic education schools. Private schools are also being encouraged in accordance with policy, and continuous efforts must be made for the comprehensive development of government schools, for which relevant ministries must take responsibility.

Regarding health, it is necessary to plan, prepare, and produce human resources annually so that there is an adequate supply of medical treatment and healthcare personnel for hospitals at the regional, state, district, township and station hospital levels. The government is also encouraging and supporting the promotion of the private healthcare sector. The government is also fulfilling and

SEE PAGE - 23

# Online scam/gambling operators in Namkham Village, Hsipaw Township, detained with paraphernalia

NAY PYI TAW September 15

The government has been seriously carrying out uncovering and preventing online scam/gambling operators, who crossed into Myanmar illegally and totally jeopardized socio-economic lives not only of people in the region but also of mankind across the world, as a national responsibility and effectively coordinating with neighbouring governments to uncover, detain and take action against them.

In doing so, joint task forces including security forces, acting on a tip-off by the responsible public that online scam/gambling operators were staying near Namkham Village in Hsipaw Township, Shan State (North), went there and conducted investigations, leading to the arrest of 13 online scam/gambling operators including eight male Chinese nationals, one female Chinese national, one male Myanmar national and three female Myanmar nationals in a house at about 5.45 am today together with one Type-81 firearm, 60 bullets, four magazines, 22 assorted phones, one laptop, four sets of Starlink, one 12-volt battery, two solar batteries, six solar panels (620 W), one solar panel (420 W), one 50x30-foot brick building with a zinc coated iron roof, two 30x20-foot buildings of zinc coated iron walls and roofs and other paraphernalia.

Effective and severe action will be taken against the detainees in accordance with the law after necessary investigations and paraphernalia will be dealt with according to rules and regulations.



Seizure of buildings used in online scams/gambling near Namkham Village in Hsipaw Township.





Online scam/gambling operators detained near Namkham Village in Hsipaw Township and paraphernalia.

The government has been actively carrying out combats against online scam/gambling operations in cooperation with neighbouring countries, regional countries and international organizations to eradicate online scams/gambling and to prevent their operations from establishing footholds in Myanmar.

100

▶▶ FROM PAGE - 22

providing for the accommodation, meals, administrative buildings and other needs of health personnel.

Regarding administration, relevant positions and duties have been assigned at the regional, state, district, and township levels. District-level responsible officials have been selected and assigned duties based on experience and seniority. Therefore, in carrying out the development of their respective regions, in order to ensure effective management and supervision, it is necessary to systematically take responsibility at the district level for administrative matters such as education, health, agriculture and livestock breeding, construction, justice, and law under a district-centered administrative system.

At present, climate change is occurring around the world. It has been observed that early warning announcements regarding El Niño have been issued, and it is necessary to pay attention and make preparations in advance. Due to extreme temperatures, groundwater levels may decline and water shortages may occur, so it is necessary to collect and store the necessary water for drinking and irrigation in advance. If necessary, underground dams should be constructed in rivers and streams to conserve groundwater, and preparations that can be made in advance should be systematically considered and carried out starting now.

In our country, the demand for electricity is still enormous. For the development of the nation and the improvement of the people's living standards, securing an adequate supply of electricity is extremely important. It is necessary to implement solar power generation projects, which are renewable energy, in each region and state. Regarding the sports sector, in accordance with the policy that "promoting sports is protecting the nation," sports competitions are being continuously held in each region and state, and the government is fulfilling the necessary requirements for the promotion of the sports sector. December is approaching soon, and it is necessary to make preparations in advance in each region and state so that sports competitions can be held. Existing stadiums and sports grounds must also be systematically repaired, maintained and utilized in each region and state.

In conclusion, he urged to carry out the development of our country, it is essential to work together with unity and effort to ensure the stability and peace of the nation and a strong national economy. It is also necessary to continuously train and produce healthy and educated human resources. It is necessary to actually work and create job opportunities, and if everyone works together with unity and collective effort, our nation will inevitably develop and progress. The meeting then came to end.

**Myawady**

# More than 1,000 acres of pigeon pea planted in Kani Township

**KANI September 15**

Statistics of Kani Township Agriculture Department stated that local farmers have planted more than 1,000 acres of pigeon pea as monsoon crops in Kani Township of Sagaing Region.

During the 2026-2027 monsoon crop cultivation season, Kani Township has planned to cultivate 15,393 acres of pigeon pea. Cultivation began in May this year, and it has been reported that 1,022 acres have been planted to date.

"This year, during the monsoon crop cultivation season, Kani Township has planned to cultivate more than 15,000 acres of pigeon pea. As of today, more than 1,000 acres have already been cultivated. We are making arrangements to ensure that the target acreage is achieved. We are also working to improve pigeon pea yields. Pigeon pea is cultivated as a standalone crop as well as an intercrop," said Daw Saw Thandar Nwe, Head of the Kani Township Agriculture Department.

This year, the Township Agriculture Department in Kani Township has been providing field-based awareness training to pigeon pea farmers on selecting and cultivating quality and pure seeds, adopting proper cultivation methods, preventing pest and disease risks, and improving yields.

The Township Agriculture Department in Kani Township is also disseminating technologies that combine urea and borax application to help pigeon pea farmers reduce the cost of purchasing foliar fertilizers. The use of urea and borax has helped reduce cultivation costs, protect plants from pest attacks, and promote better plant growth.

**SK**

# Arrangements made to grow more than 1,000 acres of maize and sweet corns



**KAWLIN September 15**

According to the data from Kawlin District Department of Agriculture, local authorities earmarked cultivation of more than 1,000 acres of maize and sweet corns as monsoon crops in Kawlin District of Sagaing Region in coming monsoon.

In 2026-2027 monsoon cultivation season, they adopted a plan to grow 46 acres of maize and 1,817 acres of sweet corns, totalling 1,863. Local farmers will start cultivation of crops in June this year.

During the upcoming monsoon cropping season this year, over 1,000 acres of maize—including maize and sweet corn—are planned to be cultivated in Kawlin District. Efforts will be made to achieve the targeted acreage. In order to ensure successful maize production, awareness activities will be carried out, including training on crop management and guidance to prevent pest and disease infestations, said Head of the Agriculture Department in Kawlin District Daw Mar Cho.

For the 2026-2027 monsoon cropping season, the total maize cultivation target in Kawlin District has been set by township as follows: 1,135 acres of sweet corn in Kawlin Township, 682 acres of sweet corn in Wuntho Township, and 46 acres of maize in Pinlebu Township, totaling 1,863 acres.

This year, the township agriculture departments will provide training to farmers growing grain maize and sweet corn in Kawlin District, conduct field demonstrations, and promote agricultural awareness, including the prevention of fall armyworm, integrated pest management practices such as the use of neem-based pesticides, and the safe use of ginger and chilli-based pest control methods.

In Kawlin District, maize yields over 50 baskets per acre, with a cultivation cost of about Ks-500,000 per acre. Sweet corn yields about 15,000 ears per acre, with a cultivation cost also exceeding Ks-500,000 per acre.

**SMK**

# Cucumber marketable with high demand at domestic market

**KANGYIDAUNT September 15**

Daw NyoNyo, the green grocery trader in Kangyidaunt Township of Ayeyawady Region, said that cucumber, produced by Kyangyidaunt Township, is in high demand at the domestic market.

In Kangyidaunt Township, locally grown cucumbers have been traded in the market since the third week of June this year, and buying and selling activities have continued until today. Demand has increased, with daily purchases reaching 40,000 to 45,000 cucumbers, resulting in active trading. The price has reached up to Ks-13,000 per 100 cucumbers.

"The cucumbers produced from this area are in high demand from buyers in other townships. Currently, up to 45,000 cucumbers are being traded. The cucumbers that are selling well now are of good quality and fresh. Since they are locally produced goods, consumers can buy affordable, clean, and fresh food products. Other regions are actively purchasing the cucumbers supplied from this area. As demand for locally produced cucumbers has increased, farmers who grow them are gaining more opportunities,"said Daw Nyo Nyo.

It is reported that Kangyidaunt Town-ship is currently in the season when locally produced vegetables, including cucumbers, are available. The strong demand and active sales of locally grown cucumbers, the trading of mainly local products, lower transportation costs, and the freshness of the produce are among the benefits.

**SK**

# 36 perpetrators engaged in illegal online gambling across townships in Yangon Region arrested along with evidence





**Chart illustrating the arrests and evidence seizures of perpetrators (13 men and 23 women) engaged in illegal online gambling across townships in Yangon Region.**





**Chart illustrating the arrest of perpetrator Aye Nyan Paing—the ringleader who operated an online game gambling operation by opening 7 agent accounts in North Dagon Township, Yangon Region—and accomplices (7 men and 19 women).**

**NAY PYI TAW September 15**

Acting on tip-offs from conscientious citizens that online gambling was taking place at House No. 183, Bo Sun Pet Road, Ward 31, North Dagon Township, Yangon Region, a joint security team raided the residence on the night of August 21, 2026. Authorities arrested Aye Nyan Paing—the ringleader operating online gambling games by opening seven agent accounts across game websites including One5one, Buffalo 169, Fujiu, and Sport169—along with 5 men and 19 women, totalling 25 suspects. Seized at the scene were three all-in-one computers, eight desktop computers with system units, two desktop computers, 12 laptops, one printer, 36 mobile phones, three tablets, and related accessories used in the online gambling operations. On August 23, his associate Sai Aung Thu (alias Pho Shan) was apprehended in Tachilek along with two mobile phones and one tablet.

Following the interrogation of the detained suspects, authorities inspected Room B6/B7 on the ground floor of Golden Team Mansion, No. 388/398 Strand Road, Sin Min Ward, Ahlon Township, on the evening of August 23. Suspect Ingyin Myaing was arrested along with 13 all-in-one computers, 16 monitors, 15 system units, 48 UPS units, and related equipment used in operating the "99 Legends Online Game."On the morning of August 25, Nang Hum Yone (alias Shan Shan, alias Ah Ma), who supervised human resources (HR) for the "99 Legends Online Game," was arrested with one mobile phone and one tablet at a residence at the corner of Bo Teza Road and Thitsar Road, Bo Tun Zan Ward, Dawbon Township.On the morning of August 28, the operation's manager, Aung Kyaw (alias AK), was arrested at No. 123/125 Botahtaung Pagoda Road, Ward 5, Botahtaung Township, along with three iPhones, one iPad, and four Apple MacBooks.On the evening of September 1, team leader Khine Hnin Wai (alias Ma Khine) was arrested in front of the Ward 13 Administration Office in South Okkalapa Township with one mobile phone.

During interrogation, Aung Kyaw (alias AK) confessed that he had managed the "99 Legends Online Game" gambling operation since around April 2025 under the direction of Pi Chief Yu (alias Jack Pi, alias JP) from China (Taipei) who remains at large. Working alongside him as staff were Khine Hnin Wai (alias Ma Khine), Nang Hum Yone(alias Shan Shan, alias Ah Ma), Ingyin Myaing, and 14 other at-large suspects (8 men and 6 women). The gambling proceeds collected by Aung Kyaw (alias AK) were transferred to the bank accounts of Pi Chief Yu (alias Jack Pi, alias JP), while win/loss ledgers were submitted via Telegram. It was further uncovered that Pi Chief Yu (alias Jack Pi, alias JP) departed for Malaysia on April 21, 2025.

Upon further interrogation of Aung Kyaw (alias AK), authorities identified Aung Zin Oo and Ye Kyaw Kyaw, who forwarded online 1D/2D/3D betting records to him. The two were arrested on the night of September 1 in Room 102, Kyansitmin Housing, Ward 8, Hlaingthaya(East) Township, along with two mobile phones and two vehicles. Interrogation revealed that Naing Win Tun (alias Naing Win) of Min Paing Ward, Twantay, led, directed, and provided technical and financial backing for their online 1D/2D/3D operations with Aung Kyaw (alias AK), partnered with co-shareholder Teza Aung (alias Aung Aung). Efforts to apprehend them led to the arrest of Teza Aung (alias Aung Aung) on the evening of September 3 in Room 101, Building 20, Kyansitmin Housing, Ward 8, Hlaingthaya (East) Township, along with three mobile phones. On the afternoon of September 8, Naing Win Tun (alias Naing Win) was arrested near Kan Yoe Village in Taungoo Township with one mobile phone. Two laptops and related paraphernalia used in 1D/2D/3D online gambling were subsequently seized from his residence on Maha Bandoola Road, Min Paing Ward, Twantay Township.

Based on Naing Win Tun's statement, his younger brother Kyaw Swa Win (alias Kyaw Kyaw), who ran sub-operations under him, was arrested on the night of September 8 at House No. 91, Nandawun Road, Ward 20, South Dagon Township. His accountant, San Sapal Phoo, was also arrested at her residence in South Dagon Township with one mobile phone and one laptop.

In total, 36 suspects (13 men and 23 women) engaged in illicit online gambling operations across Yangon Region were arrested along with computers, mobile phones, accessories, and two vehicles. Furthermore, Ks-396.8 million in gambling proceeds held across 12 linked bank accounts have been frozen. Legal proceedings are underway against the suspects, and investigations continue to capture those still at large.

## သတင်းမှတ်စု — တရုတ်က နျူကလီးယားစွမ်းအင်သုံးတင့်နှင့် Railgun တည်ဆောက်ရန်စဉ်းစားနေ



လောင်စာ ပြန်လည်ဖြည့်တင်းရန် မလိုအပ်သလောက်ရှေရှည်လည်ပတ်နိုင်သည့် နျူကလီးယားစွမ်းအင်၊ အလွန်မြန်ဆန်သော လျှပ်စစ်သံလိုက်စွမ်းအင်သုံးပစ်ခတ်စနစ်နှင့် တင့်နည်းပညာတို့ ပေါင်းစပ်ထားသည့် စစ်လက်နက်တစ်မျိုး ပေါ်ပေါက်လာပါက အနာဂတ်စစ်မြေပြင်၏ ပုံစံသည် မည်မျှပြောင်းလဲသွားနိုင်မည်နည်း။ ထိုမေးခွန်းနှင့် ဆက်စပ်သည့် အယူအဆတစ်ရပ်ကို တရုတ်နိုင်ငံရှိ စစ်ဘက်ဆိုင်ရာသုတေသနပညာရှင်များက လေ့လာထားပြီး နျူကလီးယားစွမ်းအင်သုံးတင့်တစ်စီးတွင် Railgun တပ်ဆင်အသုံးပြုရန် အဆိုပြုထားသည်။

South China Morning Post ၏ ဖော်ပြချက်အရ ယင်းတင့်သည် ကီလိုမီတာ ၄၅၀ အထိ အကွာအဝေးရှိပစ်မှတ်များကို တိုက်ခိုက်နိုင်ရန် ရည်ရွယ်ထားသည်။ အဆိုပါအကွာအဝေးသည် လက်ရှိအသုံးပြုနေသည့် သာမန်တင့်တွင်ပါဝင်သော အမြောက်များနှင့်နှိုင်းယှဉ်ပါက အလွန်ဝေးကွာသည့် ပစ်ခတ်နိုင်သောအကွာအဝေးဖြစ်ပြီး တင့်တစ်စီး၏ တိုက်ခိုက်နိုင်စွမ်းကို နောက်ထပ်အဆင့်တစ်ခုသို့ မြှင့်တင်ရန်ရည်ရွယ်သည့် အယူအဆဖြစ်သည်။

တရုတ်နိုင်ငံထုတ် Acta Armamentarii စစ်လက်နက်ဆိုင်ရာဂျာနယ်တွင် ဇွန်လအတွင်းထုတ်ဝေခဲ့သည့် သုတေသနစာတမ်း၌ အဆိုပါတင့်ဒီဇိုင်းနှင့် စွမ်းအင်စနစ်ဆိုင်ရာအချက်အလက်များကို ဖော်ပြထားသည်။ သုတေသနအယူအဆအရ တင့်သည် အလေးချိန် တန် ၆၀ ခန့်ရှိမည်ဖြစ်ပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရန် ၁၀ မဂ္ဂါဝပ်အဆင့် Small Modular Reactor (SMR) နျူကလီးယားဓာတ်ပေါင်းဖိုငယ်ကိုအသုံးပြုရန် အဆိုပြုထားသည်။

ထိုစနစ်မှ ထုတ်လုပ်သည့် လျှပ်စစ်စွမ်းအင်ကို တင့်၏မောင်းနှင်ရေးစနစ်အပြင် Railgun အတွက်ပါ အသုံးပြုရန် ရည်ရွယ်ထားသည်။ သုတေသနအရ Railgun ၏စွမ်းအင်ပမာဏမှာ ၅၀ မီဂါဂျိုးအထိရှိနိုင်ပြီး ပစ်ခတ်နိုင်သည့်အကွာအဝေးကို ကီလိုမီတာ ၄၅၀ အထိ ရောက်ရှိစေရန် ရည်မှန်းထားသည်။

Railgun ဆိုသည်မှာ လျှပ်စစ်သံလိုက်စွမ်းအားကိုအသုံးပြု၍ ခဲယမ်းကို အလွန်မြန်ဆန်သောအရှိန်ဖြင့် ပစ်လွှတ်သည့်နည်းပညာဖြစ်သည်။ သာမန်အမြောက်များတွင် ယမ်းမှုန့်ပေါက်ကွဲမှုမှရရှိသည့်စွမ်းအင်ကို အသုံးပြုသော်လည်း Railgun တွင် လျှပ်စစ်စွမ်းအင်ကို အသုံးပြု၍ ခဲယမ်းကို အရှိန်မြှင့်တင်ခြင်းဖြစ်သည်။ ထို့ကြောင့် အဆိုပါနည်းပညာသည် အနာဂတ် တာဝေးပစ်လက်နက်စနစ်များအတွက် အလားအလာရှိသည့် နည်းပညာတစ်ရပ်အဖြစ် လေ့လာခံနေရသည်။

ယင်းသုတေသနကိုတရုတ်ကာကွယ်ရေးစက်မှုလုပ်ငန်းနှင့် ဆက်စပ်သည့် Inner Mongolia First Machinery Group မှ သုတေသနပညာရှင်များနှင့် Beijing Institute of Technology မှ ပညာရှင်များ ပူးပေါင်းပြုလုပ်ခဲ့ခြင်းဖြစ်သည်။ National Key Laboratory of Special Vehicle Design and Manufacturing Integration Technology ကလည်း အဆိုပါ သုတေသနစီမံကိန်းအတွက် ရန်ပုံငွေထောက်ပံ့ခဲ့ကြောင်း သိရသည်။

သုတေသနစာတမ်းတွင် အဆိုပါ နျူကလီးယားစွမ်းအင်သုံးတင့်သည် ၂၀၄၅ ခုနှစ်နောက်ပိုင်းတွင် ပထမဆုံးပေါ်ထွက်လာနိုင်မည်ဟုခန့်မှန်းထားသည်။ သို့သော် ယင်းသည် လက်ရှိတွင် အယူအဆနှင့် သုတေသနအဆင့်၌သာရှိသေးပြီး တရုတ်တပ်မတော်က တရားဝင်လက်ခံအသုံးပြုရန် အတည်ပြုထားသည့် လက်နက်စနစ်တစ်ခုမဟုတ်သေးပေ။

အဆိုပါ အယူအဆကို လက်တွေ့အကောင်အထည်ဖော်ရန် နည်းပညာဆိုင်ရာအခက်အခဲများစွာ ရှိနေသည်။ တင့်အတွင်း နျူကလီးယားဓာတ်ပေါင်းဖိုငယ်ကို လုံခြုံစွာထည့်သွင်းအသုံးပြုနိုင်ရေး၊ Railgun အတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်ကို လျင်မြန်စွာထုတ်ပေးနိုင်ရေး၊ အပူထိန်းချုပ်ရေး၊ ယာဉ်အလေးချိန်နှင့်စစ်မြေပြင်လုံခြုံရေးတို့ကိုတစ်ပြိုင်နက်ဖြေရှင်းရန်လိုအပ်မည်ဖြစ်သည်။

တရုတ်နိုင်ငံ၏ ယခုလေ့လာမှုသည် လက်တွေ့အသုံးပြုနေသော တင့်အသစ်တစ်မျိုးပေါ်ပေါက်လာပြီဟု ဆိုနိုင်သည့်အဆင့်မဟုတ်သေးပေ။ သို့သော် နျူကလီးယားစွမ်းအင်နှင့် Railgun ကဲ့သို့သော အဆင့်မြင့်နည်းပညာများကို တင့်တစ်စီးတည်းတွင်ပေါင်းစပ်ရန်ကြိုးပမ်းသည့်အယူအဆဖြစ်ခြင်းကြောင့် အနာဂတ်စစ်လက်နက်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကိုစောင့်ကြည့်သူများအကြား စိတ်ဝင်စားမှုမြင့်တက်စေနိုင်သည့် သုတေသနတစ်ရပ်ဖြစ်လာနေသည်။

Ref: SCMP

ထက်မြတ်

## မလေးရှားတွင် မီးခိုးမြူအခြေအနေ ပိုမိုဆိုးရွားလာ

ကွာလာလမ်ပူ၊ ရာသီဥတု

မလေးရှားနိုင်ငံတစ်ဝန်း မီးခိုးမြူအခြေအနေပိုမိုဆိုးရွားလာပြီး စက်တင်ဘာလ ၁၅ ရက် ည ၆ နာရီအထိ နေရာ ၄၀ တွင် လေထုအရည်အသွေးမှာ ကျန်းမာရေးအရ စိုးရိမ်ဖွယ်အဆင့်သို့ ရောက်ရှိနေကြောင်း သိရသည်။ မလေးရှားပတ်ဝန်းကျင်ဦးစီးဌာန၏ လေထုညစ်ညမ်းမှုအညွှန်းကိန်းစောင့်ကြည့်ရေးစနစ် (APIMS) အချက်အလက်များအရ ဆီလန်ဂေါ်ပြည်နယ်ရှိ ဂျိုဟန်ဆီတီယာတွင် အညွှန်းကိန်း ၁၈၉ ဖြင့် နိုင်ငံအတွင်း အမြင့်ဆုံးဖြစ်ခဲ့သည်။

ဂျိုဟိုးပြည်နယ်တွင် ကျန်းမာရေးအရ စိုးရိမ်ဖွယ်အဆင့်လေထုအရည်အသွေးရှိသည့်နေရာခုနစ်ခုရှိသည်။ ထို့ပြင် ဆီလန်ဂေါ၊ ကွာလာလမ်ပူ၊ နီဂရီဆမ်ဘီလန်၊ ပဟန်း၊ ပီရတ်၊ ပီနန်းနှင့် အခြားပြည်နယ်များတွင်လည်း လေထုညစ်ညမ်းမှုမြင့်တက်နေသည်။

မိုးရွာသွန်းသည့်ဒေသများတွင် မြူခိုးအခြေအနေတိုးတက်လာနိုင်သော်လည်း မီးလောင်ကျွမ်းမှုဖြစ်လွယ်သည့်ဒေသများ၌ ခြောက်သွေ့မှုဆက်လက်ဖြစ်ပေါ်ပါက မြူခိုးအခြေအနေမြင့်မားနေမည်ဟု သိရသည်။

Ref: ST

## အာကာသအတွင်း စစ်ရေးတိုးချဲ့မှုရပ်တန့်ရန် တရုတ်က အမေရိကန်ကိုတိုက်တွန်း



ပေကျင်း၊ စစ်ရေး

အာကာသအတွင်း စစ်ရေးအင်အားတိုးချဲ့မှုများကို ရပ်တန့်ရန်နှင့် အာကာသကို စစ်မြေပြင်အဖြစ် ပြောင်းလဲမည့်လုပ်ဆောင်ချက်များကိုရှောင်ကြဉ်ရန် တရုတ်နိုင်ငံက အမေရိကန်ပြည်ထောင်စုကို တိုက်တွန်းလိုက်သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ မော်နင်းက အာကာသကို ငြိမ်းချမ်းစွာအသုံးပြုရေးကို တရုတ်နိုင်ငံကအစဉ်တစိုက်ထောက်ခံပြီး အာကာသအတွင်း လက်နက်ပြိုင်ဆိုင်မှုနှင့် လက်နက်တပ်ဆင်မှုများကို ဆန့်ကျင်ကြောင်း ပြောသည်။

အမေရိကန်သည် အာကာသကို စစ်ဆင်ရေးနယ်ပယ်တစ်ခုအဖြစ် သတ်မှတ်ထားပြီးအာကာသအတွင်း စစ်ရေးစွမ်းရည်များကို ဆက်လက်တိုးချဲ့နေသည့်အပြင် အာကာသဆိုင်ရာ စစ်ရေးမဟာမိတ်များကို လည်းဖွဲ့စည်းနေကြောင်း တရုတ်ဘက်က ဝေဖန်ထားသည်။ ထိုလုပ်ဆောင်ချက်များသည် နိုင်ငံများအားလုံး၏ အာကာသအတွင်း ဘုံလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားများကို ထိခိုက်စေနိုင်သည်ဟုလည်း ၎င်းကဆိုသည်။

အမေရိကန်အနေဖြင့် တာဝန်မဲ့သောပြောဆိုမှုများကို ရပ်တန့်ရန်၊ အာကာသအတွင်း စစ်ရေးတည်ဆောက်မှုများကို မတိုးချဲ့ရန်နှင့် အာကာသ၏ ရေရှည်ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကိုထိန်းသိမ်းရန် လက်တွေ့ကျသောပံ့ပိုးမှုများပြုလုပ်ရန် တရုတ်ဘက်က တိုက်တွန်းထားသည်။ Ref: Xinhua

## ယူကရိန်းနှင့် စွမ်းအင်အခြေခံအဆောက်အဦတိုက်ခိုက်မှုရပ်ဆိုင်းရေး အဆိုပြုချက်ကို ရုရှားကြိုဆို

မော်စကို၊ စွမ်းအင်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ရုရှားနှင့်ယူကရိန်းကြား စွမ်းအင်အခြေခံအဆောက်အဦများကို အပြန်အလှန်တိုက်ခိုက်မှုရပ်ဆိုင်းရန်အဆိုပြုချက်ကို ရုရှားအစိုးရက ကြိုဆိုလိုက်ပြီး ရုရှားအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများကိုလည်း ဖယ်ရှားပေးရန်လိုအပ်ကြောင်း ပြောလိုက်သည်။

ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က ထရမ့်၏အဆိုပြုချက်သည်အလွန်ကောင်းမွန်သောအကြံပြုချက်ဖြစ်ကြောင်း ပြောဆိုခဲ့သော်လည်း ကမ္ဘာ့လောင်စာဆီဈေးနှုန်းများ ကျဆင်းစေရန်အတွက် စွမ်းအင်ပစ်မှတ်များကို တိုက်ခိုက်မှုရပ်ဆိုင်းခြင်းတစ်ခုတည်းဖြင့် မလုံလောက်ကြောင်း ဆိုသည်။

ထို့ပြင် ပင်လယ်ရေကြောင်းကုန်သွယ်မှုနှင့် ရေနံတင်သင်္ဘောများ၏ လုံခြုံစွာသွားလာနိုင်ရေးကို အာမခံပေးရန် လိုအပ်ကြောင်း ပက်စကော့က ပြောသည်။ ရုရှားအပေါ် ချမှတ်ထားသည့် ပိတ်ဆို့အရေးယူမှုများနှင့် စွမ်းအင်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များကို ဖယ်ရှားပေးမှသာ ကမ္ဘာ့ဈေးကွက်တွင် လောင်စာဆီထောက်ပံ့မှု ပိုမိုကောင်းမွန်လာပြီး ဈေးနှုန်းများ တည်ငြိမ်ကျဆင်းလာနိုင်မည်ဟု ၎င်းက ဆိုသည်။

Ref: ST





## ပင်လယ်ရေအောက်သယံဇာတပိုင်ဆိုင်ခွင့်အရေး ကမ္ဘောဒီးယားနှင့်ထိုင်း ကုလသမဂ္ဂထံတင်ပြ

ဘန်ကောက်၊ နိုင်ငံရေး

ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံတို့ကြား နှစ်ပေါင်းများစွာအငြင်းပွားနေသည့် ပင်လယ်ရေအောက်သယံဇာတပိုင်ဆိုင်ခွင့်ပြဿနာကို ကုလသမဂ္ဂ၏ပင်လယ်ရေကြောင်းဥပဒေဆိုင်ရာလုပ်ငန်းစဉ်မှတစ်ဆင့် ဖြေရှင်းရန် စတင်ဆောင်ရွက်နေပြီဖြစ်သည်။

နှစ်နိုင်ငံကြား အငြင်းပွားနေသည့် ထိုင်းပင်လယ်ကွေ့အတွင်းရှိ ရေပြင်ဧရိယာမှာ စတုရန်းကီလိုမီတာ ၂၇၀၀၀ ခန့် ကျယ်ဝန်းပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများ အများအပြားရှိနိုင်သဖြင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀၀ ခန့် ရှိနိုင်ကြောင်း ခန့်မှန်းထားသည်။

စက်တင်ဘာလ ၁၅ ရက်တွင် ကမ္ဘောဒီးယားနှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးတို့သည် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ကုလသမဂ္ဂပင်လယ်ရေကြောင်းဥပဒေသဘောတူစာချုပ်အရ ဖွဲ့စည်းထားသော ညှိနှိုင်းရေးကော်မရှင်၏ ပထမအကြိမ်အစည်းအဝေးတွင် အဖွင့်မိန့်ခွန်းများပြောသည်။

ယခုလုပ်ငန်းစဉ်သည် နှစ်နိုင်ငံကြား ပင်လယ်ရေပိုင်နက်ဆိုင်ရာအငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် အရေးပါသည့်ခြေလှမ်းတစ်ရပ်ဖြစ်လာသည်။ Ref: SCMP

# အက်သလက်တီကိုအသင်းခေါင်းဆောင် ကိုကီ စပိန်လာလီဂါပြိုင်ပွဲ၌ ပွဲအများဆုံး ကစားထားသည့် ကစားသမား ၁၀ ဦးစာရင်းတွင်ပါဝင်



**မက်ဒရစ် စက်တင်ဘာ ၁၅**

အက်သလက်တီကိုအသင်း အသင်းခေါင်းဆောင် ကိုကီသည် စပိန်လာလီဂါပြိုင်ပွဲ၌ ပွဲအများဆုံး ကစားထားသည့် ကစားသမား ၁၀ ဦး စာရင်းတွင် ပါဝင်လာသည်။

အသက် ၃၄ နှစ်အရွယ် ကိုကီသည် စပိန်လာလီဂါ ပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ဆိုစီဒက်အသင်းနှင့် အက်သလက်တီကိုအသင်းတို့ပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် စပိန်လာလီဂါပွဲပေါင်း ၅၂၄ ပွဲအထိရှိလာကာ ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း မန်နျူရယ်ဆန်းချက်ဇ်အားကျော်ဖြတ်၍ ၁၀ ဦး စာရင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ကိုကီသည်အက်သလက်တီကိုအသင်းအကယ်ဒမီ ထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၈ ခုနှစ်က အသင်းနှင့်စာချုပ်ချုပ်ဆို၍ စတင်ပါဝင်ကစားခဲ့ကာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အက်သလက်တီကိုအသင်းတစ်သင်းတည်း၌သာ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ စပိန်လာလီဂါပွဲပေါင်း ၅၂၄ ပွဲအထိရှိခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲတွင် ပွဲအများဆုံးကစားထားသည့် ကစားသမားအဖြစ် ဘာစီလိုနာအသင်းဂိုးသမားဟောင်း ဇူဘီဇာရက်တာနှင့် ဘတ်တစ်အသင်းကစားသမားဟောင်း ဂျိုကွင်ဆန်းချက်ဇ်တို့က ၆၂၂ ပွဲဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်းတို့နှစ်ဦးနောက်တွင် ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ရာအူးလ်ဂါစီယာက ၆၀၉ ပွဲ၊ အက်သလက်တီကိုအသင်းကစားသမားဟောင်း ဂရစ်ဇ်မန်းက ၅၆၄ ပွဲ၊ ဗီလာရီးယဲလ်အသင်းကစားသမားဟောင်း ပါရီဂျိုက ၅၅၈ ပွဲ၊ ရာအူးလ်ဂွန်ဇာလက်စ်က ၅၅၀ ပွဲ၊ ဘာစီလိုနာအသင်းကစားသမားဟောင်း အီယူဇေဗီယိုက ၅၄၃ ပွဲ၊ ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်း ပါကိုဘူယိုက ၅၄၂ ပွဲ၊ ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဟောင်း ရာမို့စ်က ၅၃၆ ပွဲနှင့် ကိုကီက ၅၂၄ ပွဲဖြင့် ရပ်တည်နေခြင်းဖြစ်သည်။

ကိုကီအနေဖြင့် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အက်သလက်တီကိုအသင်းနှင့်သာ ကုန်ဆုံးရန်နီးစပ်နေပြီး ကလပ်အသင်းတစ်သင်းတည်းတွင် ကစားခဲ့သည့် ကစားသမားတစ်ဦးဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။ ***Ref;B/R Football***

## စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစ ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ၁၁ ဦးမြောက် ကစားသမားအဖြစ် အူဘာမီယန်းရပ်တည်

**မက်ဒရစ် စက်တင်ဘာ ၁၅**

ဒီပို့တီဗိုအသင်း ဝါရင့်တိုက်စစ်ကစားသမား အူဘာမီယန်းသည် စပိန်လာလီဂါပြိုင်ပွဲ ပွဲစဉ်(၅)အဖြစ် ဂီတာဖေးအသင်းနှင့် ဒီပို့တီဗိုအသင်းတို့ ကစားသည့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ပြီးနောက် စပိန်လာလီဂါပြိုင်ပွဲတွင် ရာသီအစငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ၁၁ ဦးမြောက် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။

ဂီတာဖေးအသင်းနှင့် ဒီပို့တီဗိုအသင်းတို့ တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည့်ပွဲစဉ်၌ အူဘာမီယန်းသည် ပွဲချိန် ၇၈ မိနစ်တွင် အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ပြီးနောက် ရာသီအစ ငါးပွဲဆက်ဂိုးသွင်းယူနိုင်သည့် ၁၁ ဦးမြောက် ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

စပိန်လာလီဂါပြိုင်ပွဲတွင် အူဘာမီယန်းမတိုင်မီက ရာသီအစ ငါးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့သည့် နောက်ဆုံးကစားသမားအဖြစ် ဘာစီလိုနာအသင်းကစားသမားဟောင်း အီဗရာဟီမိုဗစ်ချ်က ၂၀၀၉ ခုနှစ်က ၁၀ ဦးမြောက်ကစားသမားအဖြစ် ရပ်တည်နိုင်ခြင်းဖြစ်ပြီး ယခုအခါ ၁၇ နှစ်အကြာတွင် အူဘာမီယန်းက ၁၁ ဦးမြောက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# AVC Men's ဘော်လီဘောပြိုင်ပွဲ ချန်ပီယံ ဂျပန်အသင်း ၂၀၂၈ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရှိ



**တိုကျို စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် AVC Men's ဘော်လီဘောပြိုင်ပွဲ၌ အိမ်ရှင် ဂျပန်အမျိုးသားဘော်လီဘောအသင်းအနေဖြင့် ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အတွက် ၂၀၂၈ ခုနှစ်တွင် အမေရိကန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သည်။

AVC Men's ဘော်လီဘောပြိုင်ပွဲသို့ အာရှဒေသတွင်းမှ နိုင်ငံအသင်းများဝင်ရောက်ကစားခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်သည့်အသင်းအနေဖြင့် အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်သည့်အတွက် ဂျပန်အသင်းအနေဖြင့် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲကို တိုက်ရိုက်ဝင်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

AVC Men's ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဂျပန်အသင်းနှင့် အီရန်အသင်းတို့ကစားခဲ့ရာ ဂျပန်အသင်းက သုံးပွဲပြတ်ဖြင့်အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်အမျိုးသားဘော်လီဘောအသင်းသည် ၂၀၂၈ အိုလံပစ်ပြိုင်ပွဲကို ၁၁ ကြိမ်မြောက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး အောင်မြင်မှုအရှိဆုံးအဖြစ် ၁၉၇၂ အိုလံပစ်ပြိုင်ပွဲ အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့ကာ အာရှအသင်းများတွင် ရွှေတံဆိပ်ဆုဆွတ်ခူးနိုင်ခဲ့သည့် တစ်သင်းတည်းသောအသင်းအဖြစ် ရပ်တည်နေကြောင်း သိရသည်။ ***Ref;Volleyball World***

# အက်စ်တွန်ဗီလာအသင်းက ရာမို့စ်အား ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေးနေ

**လန်ဒန် စက်တင်ဘာ ၁၅**

အက်စ်တွန်ဗီလာအသင်းက အသင်းခံစစ်ပိုင်းအတွက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ခံစစ်ကစားသမား ရာမို့စ်အား ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေသည်။

အသက် ၄၀ အရွယ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းကစားသမားဟောင်း ရာမို့စ်သည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက မက္ကဆီကိုကလပ် မွန်တာရေးအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိအချိန်ထိ ကလပ်အသင်းလက်မဲ့ဖြစ်နေသူဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းသည် ယခုဘောလုံးရာသီတွင် ရလဒ်များဆက်တိုက်ဆိုးရွားနေပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲအပြင် ချန်ပီယံလိဂ်ပြိုင်ပွဲတွင်ပါ ဝင်ရောက်ကစားနေရသည့်အတွက် အသင်းခံစစ်ပိုင်းဖြည့်တင်းနိုင်ရန် ချန်ပီယံလိဂ်ပြိုင်ပွဲအတွေ့အကြုံကောင်းများရှိသည့် ရာမို့စ်အားခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ခံစစ်ကစားသမား ရာမို့စ်ကိုယ်တိုင်ကလည်း ဘောလုံးလောကသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်လိုနေသည့်အတွက် အက်စ်တွန်ဗီလာအသင်း၏ကမ်းလှမ်းမှုကို လက်ခံပြီးနောက် ဆွေးနွေးမှုများလုပ်ဆောင်နေပြီး ကာလတိုစာချုပ်ဖြင့်ခေါ်ယူနိုင်ရန် နီးစပ်နေခြင်းဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# WTA Finals အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲသို့ ရိုင်ဘာကီနာ ပထမဆုံးဝင်ခွင့်ရရှိသည့်ကစားသမားဖြစ်လာ



**အက်စ်တာနာ စက်တင်ဘာ ၁၅**

ကာဇက်စတန်ထိပ်တန်းတင်းနစ်မယ် ရိုင်ဘာကီနာသည် ပြီးခဲ့သည့် ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင်ကျင်းပမည့် WTA Finals အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲသို့ ဝင်ရောက်ကစားခွင့်ရရှိမည့် ပထမဆုံးကစားသမားဖြစ်လာသည်။

WTA Finals တင်းနစ်ပြိုင်ပွဲသည် နှစ်စဉ် တင်းနစ်ရာသီအကုန်တွင် တစ်နှစ်တာအတွင်း ရမှတ်အများဆုံးရရှိသည့် ထိပ်တန်းတင်းနစ်မယ်ရှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရသည့်ပြိုင်ပွဲဖြစ်ပြီး ရိုင်ဘာကီနာအနေဖြင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် 2026 WTA Finals အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲသို့ ပထမဆုံးဝင်ခွင့်ရရှိမည့်ကစားသမားဖြစ်လာကာ ကျန်ကစားသမား ခုနစ်ဦးအနေဖြင့် ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ရိုင်ဘာကီနာသည် ယူအက်စ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီး နောက်ဆုံးကမ္ဘာ့အဆင့်ထုတ်ပြန်ချက်တွင် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့ကာ ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာအနေဖြင့် ကမ္ဘာ့အဆင့်(၂) နေရာသို့ ကျဆင်းခဲ့ရကြောင်း သိရသည်။ ***Ref;WTA Tennis***

⇛ **ကျောဖုံးမှအဆက်**

ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ နမ့်ခမ်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ နေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါနေရာသို့သွားရောက်၍ စုံစမ်းရှာဖွေဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့နံနက် ၅နာရီ ၄၅မိနစ်ခန့်တွင် နေအိမ်တစ်လုံးအတွင်းမှအွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူတရုတ်နိုင်ငံသားအမျိုးသား၈ဦး၊အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၁ ဦး၊ အမျိုးသမီး ၃ ဦး၊ စုစုပေါင်း ၁၃ ဦးတို့အား Type-81 သေနတ် ၁ လက်၊ ကျည် ၆၀ တောင့်၊ ကျည်အိမ် ၄ ခု၊ ဖုန်းမျိုးစုံ ၂၂ လုံး၊ Laptop ၁ လုံး၊ Starlink ၄ စုံ၊ 12 V Battery ၁ လုံး၊ Solar Battery ၂ လုံး၊ Solar (620 W) ၆ ချပ်၊ Solar (420 W) ၁ ချပ်၊ အုတ်ကာ သွပ်မိုး အလျား ၅၀ ပေ၊ အနံ ၃၀ ပေ အဆောက်အအုံ ၁ လုံး၊ သွပ်ကာသွပ်မိုး အလျား ၃၀ ပေ၊ အနံ ၂၀ပေ အဆောက်အအုံ ၂ လုံးနှင့် အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့်လုပ်ငန်းသုံးပစ္စည်းများအားလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)




သီပေါမြို့နယ်၊ နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံနှင့်လုပ်ငန်းသုံးပစ္စည်းများ သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံများ သိမ်းဆည်းရမိမှုကိုတွေ့ရစဉ်။




သီပေါမြို့နယ်၊ နမ့်ခမ်းကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား ဖမ်းဆီးရမိမှုကိုတွေ့ရစဉ်။

## ရောဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးအား သတ်ဖြတ်၍ ရွှေနားကွင်းလုယက်ယူဆောင်သူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရောဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ်တစ်ဦးကိုသတ်ဖြတ်၍ ရွှေနားကွင်းအား လုယက်ယူဆောင်သူ စန်းနိုင် (၅၅)နှစ်ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာလ ၁၃ ရက် မွန်းလွဲပိုင်းတွင် မအူပင်မြို့နယ်၊ ပန်းတောကျေးရွာနေ Grade-5 ကျောင်းသူဖြစ်သူ မဆောင်းနှင်းဖြူ(၁၁)နှစ်သည် တစ်ရွာတည်းနေ ဆရာမဖြစ်သူ၏ နေအိမ်သို့ ကျူရှင်တက်ရန် ထွက်ခွာသွားရာမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ပန်းတောကျေးရွာလမ်းဘေးရှိ ဝါးရုံပင်အောက်၌ မဆောင်းနှင်းဖြူအား လည်ပင်းတွင်အဝတ်စဖြင့် ချည်နှောင်လျက်သေဆုံးနေသည်ကို တွေ့ရှိခဲ့သဖြင့် ဖခင်ဖြစ်သူ ဦးဝင်းဖြိုးအောင်က ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်အရေးယူပေးပါရန် တာလပေါနယ်မြေရဲစခန်း၌ တိုင်တန်းအမှုဖွင့်ခဲ့သည်။



မအူပင်မြို့နယ်၌ ကျောင်းသူကလေးငယ် တစ်ဦးအား သတ်ဖြတ်၍ ရွှေနားကွင်းအား လုယက်ယူဆောင်သူ တရားခံ စန်းနိုင်အား ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၁၄ ရက် နံနက်ပိုင်းတွင် မအူပင်မြို့နယ်၊ ပန်းတောကျေးရွာနေ စန်းနိုင်(၅၅) နှစ်အား ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ စက်တင်ဘာလ ၁၃ ရက် ည ၆ နာရီတွင် ပြစ်မှုကျူးလွန်သူစန်းနိုင်သည် နေအိမ်ရှေ့ တာလမ်းပေါ်၌ ကျူရှင်မှပြန်လာသည့် မဆောင်းနှင်းဖြူအားတွေ့ရှိ၍ ဝတ်ဆင်ထားသည့် နားကွင်းအားဖြုတ်ယူရာ အော်ဟစ်ရန်းကန်သဖြင့် နားနှစ်ဖက်အား စုံကိုင်လှည့်လိုက်စဉ် မဆောင်းနှင်းဖြူမှာ ဇက်လည်ကာ လဲကျသေဆုံးသွားခဲ့ကြောင်း၊ ထို့နောက် လည်ပင်းအားအဝတ်စဖြင့်ချည်၍ လမ်းဘေးရှိ ဝါးရုံပင်အောက်တွင်ထားရှိပြီး ဝတ်ဆင်ထားသည့် အလေးချိန် ၁ ပဲ၊ ၃ ရွေးခန့်ရှိ ရွှေနားကွင်း ၁ ရန်အား ဖြုတ်ယူခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ သက်သေခံပစ္စည်းရွှေနားကွင်းအား ၎င်း၏နေအိမ်၌ သိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ စန်းနိုင်ကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၀၀)

## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၅**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင်မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများ ဖြစ်ပေါ်နိုင်ခြင်းကြောင့်လည်းကောင်း၊ ယနေ့နံနက်မှစက်တင်ဘာလ ၁၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။


မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိတိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုများဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် Agent Account (၇)ခု ဖွင့်လှစ်၍ Online ဂိမ်းလောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ တရားခံ အေးညာဏ်ပိုင်ပါ တရားခံ အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁၉ ဦးတို့အား ဖမ်းဆီးရမိမှုအခြေပြဇယား





▲ **ကျောဖုံးမှအဆက်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဩဂုတ်လ ၂၃ ရက်နေ့ညနေပိုင်းတွင်အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၃၈၈/၃၉၈)၊ Golden Team Mansion အိမ်ရာ၊ မြေညီထပ်ရှိအခန်းအမှတ်(B6/B7) အား ဝင်ရောက်စစ်ဆေးခဲ့ရာ တရားခံအင်ကြင်းမြိုင်အား "99 Legends Online Game" လောင်းကစားရာတွင် အသုံးပြုသော All in One Computer (၁၃)လုံး၊ Monitor (၁၆)လုံး၊ System Box (၁၅)လုံး၊ UPS (၄၈)လုံးနှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် "99 Legends Online Game" ၏ HR အဖြစ် ကြီးကြပ်လုပ်ကိုင်သူ နန်းဟွမ်ယုန်း(ခ)ရှန်းရှန်း(ခ)အစ်မအား ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်တေဇလမ်းနှင့် သစ္စာလမ်းထောင့်ရှိ နေအိမ်၌ လက်ကိုင်ဖုန်း(၁)လုံးနှင့် Tablet (၁)လုံးဖြင့်လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် စီမံခန့်ခွဲလုပ်ကိုင်သူ အောင်ကျော်(ခ) AK အား ဗိုလ်တထောင်မြို့နယ်၊(၅) ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ်(၁၂၃/၁၂၅)၌ iPhone (၃)လုံး၊ iPad (၁)လုံး၊ Apple Mac-Book (၄)လုံးတို့ဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၁ ရက်နေ့ညနေပိုင်းတွင် Leader အဖြစ်လုပ်ကိုင်သူ ခိုင်နှင်းဝေ(ခ)မခိုင်အား တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ လက်ကိုင်ဖုန်း(၁)လုံးဖြင့် လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ အောင်ကျော်(ခ)AK အား စစ်ဆေးရာ ၎င်းသည် ၂၀၂၅ ခုနှစ်၊ ဧပြီလခန့်မှစတင်၍ "99 Legends Online Game" လောင်းကစားလုပ်ငန်းအား ဖမ်းဆီးရန်ကျန်တရားခံဖြစ်သူ တရုတ်(တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏စေခိုင်းမှုဖြင့်စတင်၍ စီမံခန့်ခွဲလုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ခိုင်နှင်းဝေ(ခ)မခိုင်၊ နန်းဟွမ်ယုန်း(ခ)ရှန်းရှန်း(ခ)အစ်မ၊ အင်ကြင်းမြိုင်နှင့် ဖမ်းဆီးရန်ကျန် တရားခံအမျိုးသား ၈ ဦး၊ အမျိုးသမီး ၆ ဦးတို့က ဝန်ထမ်းများအဖြစ် ပူးပေါင်းပါဝင်လုပ်ကိုင်ခဲ့ကြပြီး အောင်ကျော်(ခ)AK မှရရှိသည့် လောင်းကြေးငွေများအား တရုတ်(တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP ၏ Bank အကောင့်များသို့ လွှဲပြောင်းပေးပို့ရပြီး လောင်းကြေးအနိုင်အရှုံးစာရင်းများအား Tele-gram မှတစ်ဆင့်ပေးပို့ရကြောင်း၊ ၎င်းတရုတ် (တိုင်ပေ)မှ PI CHIEF YU (ခ) Jack Pi (ခ) JP သည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အောင်ကျော်(ခ)AK အား ဆက်လက်စစ်ဆေးချက်အရ ၎င်းထံသို့ Online 1D/2D/3D လောင်းကြေးစာရင်းများပေးပို့ခဲ့သူ အောင်ဇင်ဦးနှင့် ရဲကျော်ကျော်တို့နှစ်ဦးအား စက်တင်ဘာလ ၁ ရက်နေ့ညပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ အခန်းအမှတ်(၁၀၂)၌ လက်ကိုင်ဖုန်း ၂ လုံး၊ မော်တော်ယာဉ် ၂ စီးတို့ဖြင့် ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့နှစ်ဦးကို စစ်ဆေးချက်အရ ယင်းတို့အား Online 1D/2D/3D လောင်းကစားလုပ်ငန်းများကို အောင်ကျော်(ခ)AK နှင့်ဆက်သွယ်လုပ်ကိုင်ရာတွင်ဦးဆောင်စေခိုင်း၍ နည်းပညာနှင့် ငွေကြေးထောက်ပံ့ပေးသူမှာ တွံတေးမြို့၊ မင်းပိုင်းရပ်ကွက်နေ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်းဖြစ်ကြောင်း၊ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်းနှင့်အတူ ရှယ်ယာထည့်ဝင်လုပ်ကိုင်သူမှာ တေဇာအောင်(ခ)အောင်အောင်ဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ၎င်းတို့နှစ်ဦးအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာလ ၃ ရက်နေ့ညနေပိုင်းတွင် တေဇာအောင်(ခ)အောင်အောင်အား လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ တိုက်(၂၀)၊ အခန်းအမှတ်(၁၀၁)၌ လက်ကိုင်ဖုန်း ၃ လုံးဖြင့်လည်းကောင်း၊ စက်တင်ဘာလ ၈ ရက်နေ့နေ့လယ်ပိုင်းတွင်နိုင်ဝင်းထွန်း(ခ)နိုင်ဝင်းအား တောင်ငူမြို့နယ်၊ ကန်ရိုးကျေးရွာအနီးတွင် လက်ကိုင်ဖုန်း ၁ လုံးနှင့်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်း၏နေအိမ်မှ Online 1D/2D/3D လောင်းကစားရာတွင်အသုံးပြုသည့် Laptop(၂)လုံးနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့အား သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုအခြေပြဇယား




စာမျက်နှာ ၂၉ သို့ ▲

## ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**မအူပင် စက်တင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်သည့် မအူပင်မြို့နယ် ကုန်းတန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယမန်နေ့က ကွင်းဆင်းစစ်ဆေးကြသည်။

ရေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးတန်ဂျီးက စီမံကိန်းကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကျေးလက်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ လူနေမှုအဆင့်အတန်း မြင့်မားလာပြီး လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက်ရည်မှန်း၍ဆောင်ရွက်ပေးခြင်းဖြစ်သည့်အတွက် တန်ဖိုးထားကြရန်၊ စနစ်တကျအကျိုးရှိစွာ အသုံးပြုကြရန်နှင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါလမ်းသည် အရှည် ၄၈၇ ပေ၊ အကျယ် ၆ ပေ၊ ထု ၆ လက်မရှိပြီး နိုင်ငံတော်ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူများမှ ထည့်ဝင်ငွေများဖြင့် ဒေသခံပြည်သူများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ကုန်းတန်းကျေးရွာရှိ အိမ်ထောင်စု ၆၅ စုအား အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့

## ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း



**ကျွန်းလှ စက်တင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ပဲမျိုးစုံကို ရာသီအလိုက် စိုက်ပျိုးကြရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံဧက ၁၁၀၀၀ ကျော်စိုက်ပျိုးပြီး အောင်မြင်ဖြစ်ထွန်းနေကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ်မိုးရာသီ ပဲမျိုးစုံအဖြစ် ပဲတီစိမ်း ၅၄၀၁ ဧကနဲ့ ပဲစင်းငုံ ၁၁၅၁၂ ဧကစိုက်ပျိုးခဲ့ပါတယ်။ ယခုအခါ ပဲစင်းငုံသီးနှံစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းနေပါတယ်၊ ပဲစင်းငုံသီးနှံဟာ ကုန်ကျစရိတ်သက်သာပြီး တောင်သူတွေတွက်ခြေကိုက် သီးနှံဖြစ်တာကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးက ပြောသည်။

အဆိုပါ ပဲစင်းငုံသီးနှံစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

စိုက်ပျိုးရေးအတွက် အခြေခံလိုအပ်ချက်မှာ မျိုး၊ မြေ၊ ရေ၊ နည်းဖြစ်ပြီး မြေကောင်းမြေသန့်ဖြစ်စေရန် မြေဩဇာကိုသဘာဝနည်းဖြင့် မှန်ကန်စွာအသုံးချရေး၊ စိုက်ပျိုးရေ အပြည့်အဝရရှိရေးနှင့် ရာသီဥတုနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ တွေ့ကြုံလာသည့်ရာသီဥတုအခြေအနေအပေါ်မူတည်၍ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲစိုက်ပျိုးရန်လိုအပ်ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

◆ **ကျောဖုံးမှအဆက်**

ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရပြီး လာအိုကလပ် အီဇရာအသင်းနှင့် အိမ်ကွင်းဖြစ်သည့် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ နှစ်ကျော့ကစားအနိုင်ယူပြီး အုပ်စုအဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲကို သုံးကြိမ်ဆက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသည့်အသင်းလည်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄-၂၀၂၅ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲမှစပြီး ယခု ၂၀၂၆-၂၀၂၇ ရာသီအထိ ခြေစစ်ပွဲအဆင့်မှ စတင်ကစားခဲ့ရပြီး ပြိုင်ပွဲသုံးကြိမ်ဆက် ခြေစစ်ပွဲအောင်မြင်ကာ အုပ်စုအဆင့်သို့ တက်ရောက်ကစားနိုင်ခဲ့သော်လည်း ပြိုင်ပွဲသုံးကြိမ်စလုံးတွင် အုပ်စုအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

၂၀၂၆ - ၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု (ဘီ)တွင် ထိုင်းကလပ် ပေ့ါသ်၊ ဗီယက်နမ်ကလပ် ကောင်အန်ဟန္နိုင်း၊ မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်၊ အင်ဒိုနီးရှားကလပ် ပါဆစ်၊ စင်ကာပူကလပ် လိုင်းယန်းစီးတီး၊ ကမ္ဘောဒီးယားကလပ် PKR အသင်းတို့နှင့်အတူ ကျရောက်လျက်ရှိကာ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပွဲစဉ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၇ ရက်မှ ၂၀၂၇ ခုနှစ် ဧပြီလ ၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။


ဝန်းရံခ

## ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏ အာမခံကြေး ဘတ် ၁ ဒသမ ၅ သန်းအား မိခင်ထံပေးအပ်

**ရန်ကုန် စက်တင်ဘာ ၁၅**

ထိုင်းနိုင်ငံ၌ ယာဉ်မတော်တဆမှုကြောင့် သေဆုံးခဲ့သည့် မြန်မာအလုပ်သမား၏အာမခံကြေး ဘတ် ၁ ဒသမ ၅ သန်းအား မိခင်ဖြစ်သူထံ ပေးအပ်ခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှသိရသည်။

ဧရာဝတီတိုင်းဒေသကြီးမြန်အောင်မြို့နယ်မှ ထိုင်းနိုင်ငံသို့ လာရောက်အလုပ်လုပ်ကိုင်ခဲ့သည့် မြန်မာနိုင်ငံသား ဦးကျော်သက်အောင်သည် မေလ ၂၁ ရက်တွင် ယာဉ်မတော်တဆမှုဖြစ်ပွား၍ အသက်ဆုံးရှုံးခဲ့သည့်အတွက် ၎င်းရသင့်ရထိုက်သည့် ပုဂ္ဂလိကအာမခံကုမ္ပဏီ၏ အာမခံကြေးငွေများရရှိရေးအတွက် အလုပ်သမားသံအရာရှိရုံးမှ ကူညီဆောင်ရွက်ပေးခဲ့ပြီး ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါရုံး၌ ဦးကျော်သက်အောင်၏ မိခင် ဒေါ်ခင်သန်းထံ အာမခံကြေးငွေများ ပေးအပ်ခဲ့ကြောင်း အလုပ်သမားသံအရာရှိရုံးမှ သတင်းထုတ်ပြန်ထားသည်။ MT



သေဆုံးသူ မြန်မာအလုပ်သမား၏ မိခင်ဖြစ်သူထံ အာမခံကြေးငွေများ လွှဲပြောင်းပေးအပ်စဉ်။

**တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။**

▲ စာမျက်နှာ ၂၈ မှ

ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူ နိုင်ဝင်းထွန်း(ခ)နိုင်ဝင်း၏ ထွက်ဆိုချက်အရ စက်တင်ဘာလ ၈ ရက်နေ့ ညပိုင်းတွင် Online 1D/2D/3D လုပ်ငန်းများအား ၎င်းမှတစ်ဆင့် လက်ခွဲလုပ်ကိုင်သည့် ၎င်း၏ညီဖြစ်သူ ကျော်စွာဝင်း(ခ) ကျော်ကျော်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၂၀)ရပ်ကွက်၊ နန္ဒဝန်လမ်းရှိ အိမ်အမှတ်(၉၁)၌လည်းကောင်း၊ ၎င်း၏စာရင်းကိုင်ဖြစ်သူ စန်းစပွာယ်ဖူးအား လက်ကိုင်ဖုန်း ၁ လုံး၊ Laptop ၁ လုံးတို့နှင့်အတူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ ၎င်း၏နေအိမ်၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း Online အသုံးပြု၍ လောင်းကစားလုပ်ငန်းလုပ်ကိုင်သူ ဖမ်းဆီးရမိ တရားခံအမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦး၊ စုစုပေါင်း ၃၆ ဦးတို့အား တရားမဝင် Online လောင်းကစားလုပ်ငန်းများလုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ၊ လက်ကိုင်ဖုန်း၊ ဆက်စပ်ပစ္စည်းများ၊ မော်တော်ယာဉ် ၂ စီးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့အသုံးပြုလျက်ရှိသည့် Bank Account (၁၂)ခုမှ Online လောင်းကစားပြုလုပ်၍ ရရှိထားသည့် ငွေကျပ်(၃၉၆၈) သိန်းကျပ်အား ထိန်းချုပ်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်တရားခံများ ဆက်လက်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## ကျောက်ဆည်မြို့တွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး



**ကျောက်ဆည် စက်တင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီးကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ခရိုင်လူထုအခြေပြုဗဟိုဌာနတွင်ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် အသိပညာဗဟုသုတများ ပြည့်စုံစေရန် ယမန်နေ့မွန်းလွဲပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်စာစောင်ပြပွဲကျင်းပကြောင်း သိရသည်။

ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရှေ့အလားအလာနှင့် ဂုဏ်သိက္ခာများကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကိုဆိုလိုကြောင်း၊ ကလေးများ၏ စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့် အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန် အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီကျောင်းမှထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသောအလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာ လုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်းနှင့် ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းရင်းများ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက်တာဝန်များကို အသိပညာပေးဟောပြောပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသစာအုပ်စာစောင်များပြသခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာဖတ်ရှုခဲ့ကြောင်း သိရသည်။

(၄၀၂)

➜ ချယ်ရီပန်းမှ

ကတ်များဖြစ်ပြီး YPS Card များကို ဆူးလေ၊ သခင်မြပန်းခြံ၊ မြန်မာပလာဇာ၊ လှည်းတန်း၊ ၈ မိုင် (Junction 8 အရှေ့)၊ ပန်းဆိုးတန်း၊ သမိုင်းနှင့် မြေနီကုန်းတို့ရှိ YPS အရောင်းကောင်တာများတွင်ထယ်ယူနိုင်ကြောင်း သိရသည်။


လက်ရှိတွင်လည်း YBS စီးနင်းရာတွင် ယာဉ်စီးခပေးချေရန် YPS ကတ်သုံးစွဲသူ ငါးသိန်းခန့်ရှိလာပြီး YPS Card အသုံးပြုခြင်းဖြင့် YBS ယာဉ်များ စီးနင်းရာတွင် ယာဉ်စီးခအတွက် ငွေအကြွေရှာဖွေရသည့် အခက်အခဲများကို လျှော့ချနိုင်မည်ဖြစ်သည်။ သိရှိလိုသူများအနေဖြင့် YPS Call Center ဖုန်းနံပါတ်-၀၉-၇၇၂ ၆၆၆ ၆၉၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ MT



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး ....
(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
ရွှေဖီဦး
Tea Mix
Lemon Tea
Black Tea
SHWE PHE OO
Lemon Tea
ရွှေဖီဦး BLACK TEA (နှောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC

AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com




Smart®
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

**၁၅-၉-၂၀၂၆ မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ကျောက်ဖြူ | ၃ | ဒသမ | ၇၄ | လက်မ | မှော်ဘီ | ၂ | ဒသမ | ၂၈ | လက်မ |
| ကျောက်တန်း | ၃ | ဒသမ | ၃၁ | လက်မ | မအူပင် | ၂ | ဒသမ | ၂၀ | လက်မ |
| ရွှေကျင် | ၂ | ဒသမ | ၄၄ | လက်မ | မြောင်းမြ | ၂ | ဒသမ | ၁၇ | လက်မ |
| ဘားအံ | ၂ | ဒသမ | ၃၂ | လက်မ | မဒေါက် | ၂ | ဒသမ | ၁၃ | လက်မ |
| (စိုက်ပျိုးရေးမိုးလေဝသ) | | | | | ဘီးလင်း | ၂ | ဒသမ | ၀၈ | လက်မ |

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် တရားမဝင် Online လောင်းကစားလုပ်ကိုင်သူ တရားခံ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၃ ဦးတို့အား သက်သေခံပစ္စည်းနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၁) ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်းရှိ အိမ်အမှတ်(၁၈၃)၌ Online လောင်းကစားပြုလုပ်နေကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့ ညပိုင်းတွင် အဆိုပါနေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ One5one၊ buffalo 169၊ fujiu နှင့် Sport169 Game Website များတွင် Agent အကောင့် ၇ ခုဖွင့်လှစ်၍ Online Game လောင်းကစားလုပ်ငန်းအား ဦးဆောင်လုပ်ကိုင်သူ အေးညဏ်ပိုင်နှင့် တရားခံ အမျိုးသား ၅ ဦး၊ အမျိုးသမီး ၁၉ ဦး၊ စုစုပေါင်း ၂၅ ဦးတို့အား Online လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသော All In One Computer (၃)လုံး၊ System Box နှင့်တွဲလျက် Computer Desktop (၈) လုံး၊ Computer Desktop (၂)လုံး၊ Laptop (၁၂)လုံး၊ ပရင်တာ (၁)လုံး၊ လက်ကိုင်ဖုန်း (၃၆)လုံး၊ Tablet ဖုန်း(၃)လုံး၊ ဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် အေးညဏ်ပိုင်နှင့် ပူးတွဲလုပ်ကိုင်သူ စိုင်းအောင်သူ(ခ)ဖိုးရှမ်းအား တာချီလိတ်မြို့၌ လက်ကိုင်ဖုန်း(၂)လုံး၊ Tablet(၁)လုံးဖြင့်လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၈ ကော်လံ ၁ ▲



# ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲဝင်ခွင့်ရ ရှမ်းယူနိုက်တက်အသင်း ထိုင်း၊ ဗီယက်နမ် ပါဝင်သည့် အုပ်စု(ဘီ)တွင်ကျရောက်

**ရန်ကုန် စက်တင်ဘာ ၁၅**

၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲဝင်ခွင့်ရ ရှမ်းယူနိုက်တက်အသင်းသည် ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယားတို့ပါဝင်သည့် အုပ်စု(ဘီ)တွင် ကျရောက်ခဲ့ကြောင်း သိရသည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲအတွက်

စာမျက်နှာ ၂၉ ကော်လံ ၄ ◆

# ချယ်ရီပန်းပုံပါ YPS Card များ YPS အရောင်းကောင်တာများတွင် ပြန်လည်ဝယ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၁၅**

ရန်ကုန်မြို့တွင်း YBS ယာဉ်များ စီးနင်းရာတွင် ယာဉ်စီးခပေးချေနိုင်သည့် YPS Card များအနက် လူကြိုက်များသည့် ချယ်ရီပန်းပုံဖြင့် ထုတ်လုပ်ထားသော YPS Card များကို YPS အရောင်းကောင်တာများ၌ ပြန်လည်ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါချယ်ရီပန်းပုံ YPS Card များသည် အသုံးပြုရလွယ်ကူသည့်အပြင် ဒီဇိုင်းလှပသောကြောင့် ကိုယ်တိုင်အသုံးပြုရန်အတွက်သာမက လက်ဆောင်အဖြစ် ပေးအပ်ရန်အတွက်ပါ အသုံးဝင်သည့်

စာမျက်နှာ ၂၉ ကော်လံ ၃ →




# အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲသို့ Esports အားကစားအဖွဲ့ချုပ်မှ မြန်မာနိုင်ငံ ကိုယ်စားပြု National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်မည်




**ရန်ကုန် စက်တင်ဘာ ၁၅**

ဂျပန်နိုင်ငံ အိုက်ချီ-နာဂိုယာမြို့၌ စက်တင်ဘာလ ၁၉ ရက်မှ အောက်တိုဘာလ ၄ ရက်အထိကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် Esports အားကစားအဖွဲ့ချုပ်မှ National Team Zanaka အသင်း သွားရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပသည့် မီဒီယာမိတ်ဆက်ပွဲမှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု Esports အသင်းသည် Honor of Kings (HOK)၊ PUBG Mobile (PUBGM)၊ Mobile Legends: Bang Bang (MLBB)၊ eFootball Mobile နှင့် eFootball Console အစရှိသည့် အားကစားနည်းငါးမျိုးကို

စာမျက်နှာ ၁၉ ကော်လံ ၁ ➧

**မလေးရှားတွင် မီးခိုးမြူအခြေအနေ ပိုမိုဆိုးရွားလာ** စာ - ၂၅ သို့

**ပင်လယ်ရေအောက်သယံဇာတပိုင်ဆိုင်ခွင့်အရေး ကမ္ဘောဒီးယားနှင့်ထိုင်း ကုလသမဂ္ဂထံတင်ပြ** စာ - ၂၅ သို့

# သီပေါမြို့နယ်၊ နမ့်ခမ်းကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၅**

နိုင်ငံတော်အစိုးရ အနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်းပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ်တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်

စာမျက်နှာ ၂၇ ကော်လံ ၁ ⇒




ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်နေရာပြပုံ။